# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၃) ရက်မြောက်နေ့ မှတ်တမ်း

မူကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၆ | (က) မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော (၁၀)နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာခံစားခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေရေးကြေးရေးနှင့်ပတ်သက်သော အစီရင်ခံစာများ (၂၀၁၅-၂၀၁၆)၊ (၂၀၁၆-၂၀၁၇)၊ (၆)လတစ်ကြိမ် အခါအားလျော်စွာ (၃)လပတ် အစီရင်ခံစာအား အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အများပြည်သူသို့ တင်ပြထုတ်ပြန်နိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၈ | (ဂ) မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာပျံ့နှံ့နေသည့် ငွေစက္ကူအတုများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | (ဃ) မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မည့် အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေသော ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာတို့ကို ပြန်လည်ရုပ်သိမ်းရန် အစီအစဉ်ရှိ/မရှိ၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားပေးသည့် ကုမ္ပဏီများကို အခွန်လျှော့ပေါ့ ထမ်းဆောင်စေခြင်းအတွက် အစီအစဉ်ရှိ/မရှိ၊ ကုမ္ပဏီကြီးများတွင် မသန်စွမ်းသူ အလုပ်သမားများ အနည်းဆုံးမည်ရွေ့မည်မျှ ခန့်ထားပေးရန် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၀ | (င) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ လုံးတွင် ရုံးခွဲများ ဖွင့်လှစ်၍ ဝန်ဆောင်မှုများပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၇ |
| ၁၁ | (စ) ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ (Participatory Reforms in the Budget Process) ကို ဆောင်ရွက်နေသည့် အခြေအနေနှင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၃ |
| ၁၂ | ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း | ၃၉ |
| ၁၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရစ်ယာန်ထိန်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း | ၅၃ |
| ၁၄ | ဦးခင်ချို၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၅၇ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၆ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး**

**(၁၃)ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၃–၆–၂၀၁၇ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးပွဲဒူ၊ ဖရူဆို မဲဆန္ဒနယ်၏ **မိမိသဘောဖြင့် မိမိ နုတ်ထွက်သွားသော ၁၀ နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာ ခံစားခွင့်ပေးပါရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေရေးကြေးရေးနှင့် ပတ်သက်သော အစီရင်ခံစာများ (၂၀၁၅–၂၀၁၆)၊ (၂၀၁၆၊ ၂၀၁၇)၊ (၆)လတစ်ကြိမ် အခါအားလျော်စွာ (၃)လပတ် အစီရင်ခံစာအား အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အများ ပြည်သူသို့ တင်ပြထုတ်ပြန်နိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဖြိုးဇေယျာသော်(ခ) ဦးဇေယျာသော်၊ ဇမ္ဗူသီရိ မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာ ပျံ့နှံ့နေသည့် ငွေစက္ကူအတုများနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၏ **မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မည့်အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေသော ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာတို့ကို ပြန်လည်ရုပ်သိမ်းရန်အစီအစဉ်ရှိ၊မရှိ၊ မသန်စွမ်းပြည်သူများ အလုပ်အကိုင်ရရှိနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားပေးသည့် ကုမ္ပဏီများကို အခွန်လျော့ပေါ့ထမ်းဆောင်စေခြင်းအတွက် အစီအစဉ်ရှိ၊ မရှိ၊ ကုမ္ပဏီကြီးများတွင် မသန်စွမ်းအလုပ်သမားများ အနည်းဆုံးမည်ရွေ့ မည်မျှ ခန့်ထားပေးရန် သတ်မှတ်ပေးနိုင်ခြင်းရှိ၊ မရှိ တို့ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဒေါ်ဇင်မာအောင်၊ ရန်ကင်း မဲဆန္ဒနယ်၏ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း(၃၃၀)လုံးတွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှုများပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဘိုကြီး၊ ချောက် မဲဆန္ဒနယ်၏ **ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ (Participatory Reforms in the Budget Process)ကို ဆောင်ရွက်နေသည့် အခြေအနေနှင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **“ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၉။ **“ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် **“ခရစ်ယာန် ထိမ်းမြားခြင်း ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း၊

၁၁။ ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံ၏ အလုပ်လက်မဲ့ ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျ စီမံချက်ချအကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(ခ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဂ) ဒေါ်နီနီဒွန်း၊ ပေါက်ခေါင်း မဲဆန္ဒနယ်၊

(ဃ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၊

(င) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၊

(စ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

(ဆ) ဦးမြတ်လေးဦး၊ ထီးလင်း မဲဆန္ဒနယ်၊

(ဇ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဈ) ဦးဦးထွန်းမောင်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်၊

(ည) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၊

(ဋ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၊

(ဌ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

(ဍ) ဦးပေါလ်ဆိုင်း၊ ဒီးမော့ဆို မဲဆန္ဒနယ်၊

(ဎ) ဦးစိန်အောင်၊ ပလက်ဝ မဲဆန္ဒနယ်၊

၁၂။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

## (၁၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်

## (၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၄၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ (အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်မ ဒေါ်နန်းထွေးသူ၊ ဖားဆောင်းမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာ ဖြစ်ပါတယ်ရှင့်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၁ ဦးရှိပါတယ်ရှင့်။ ခွင့်ပန်ကြား သူများကတော့-

(၁) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်ခိုင်ခိုင် ခွင့် ၃ ရက်၊

(၂) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၂ ရက်၊

(၃) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၂ ရက်၊

(၄) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၂ ရက်၊

(၅) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊

(၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၄ ရက်၊

(၇) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၈) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၂ ရက်၊

(၉) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၁ ရက်၊

(၁၀) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၁၁) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၁၂) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၁၃) ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးစံခင် ခွင့် ၁ ရက်၊

(၁၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဒေါ်စိုးစိုးမြင့် ခွင့် ၃ ရက်၊

(၁၈) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)အောင်ပွင့် ခွင့် ၁ ရက်၊

(၁၉) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၂၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၃၀ ရက်နှင့်

(၂၁) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်ဆိုင်ဟိန်း ခွင့် ၄ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၂၁ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၇ ဦးဖြစ်ပါတယ်ရှင့်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော (၁၀)နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာ ခံစားခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပဲ့ဒူ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပဲ့ဒူ(ဖူရူဆိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ရာထူးဝန်အဖွဲ့များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပဲ့ဒူဖြစ်ပြီး ကျွန်တော် မေးမယ့်မေးခွန်းကတော့ မိမိသဘောနဲ့ မိမိနုတ်ထွက်သွားတဲ့ (၁၀)နှစ်နှင့်အထက်

ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ထမ်းအဖြစ်မှ အလုပ်ထုတ်ပယ်ခံရသော၊ အလုပ်နုတ်ပယ်ခံရသော (၁၀) နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာခံစားခွင့်ပေးထားကြောင်း လေ့လာကြားသိရပါတယ်။ သို့သော် အပြစ်တစ်စုံတစ်ရာမရှိဘဲ မိမိသဘောနဲ့ မိမိနုတ်ထွက်သွားသော ဝန်ထမ်းများအား ပင်စင်လစာခံစားခွင့်မပေးသည်ကို တွေ့ရမှာဖြစ်ပါတယ်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး ဝန်ထမ်းများရဲ့တန်းတူအခွင့်အရေးမဟုတ်ဘဲ မညီမျှတဲ့အခွင့်အရေးတစ်ခုသတ်မှတ်ပေးထားတယ်လို့ပဲ ထင်မြင်ယူမိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းဘဝကို စွန့်လွှတ်ရခြင်းမှာ ထိုစဉ်က ရရှိသောလစာနှင့် မိမိ၏မိသားစု စားဝတ်နေရေးကို မဖြေရှင်းနိုင်ခြင်း၊ မမျှော်လင့်ဘဲ ကျန်းမာရေးချို့တဲ့ခြင်း၊ အချို့အထက်အရာရှိများက ၎င်းဝန်ထမ်းများအား မခံမရပ်နိုင်အောင် ဆက်ဆံခြင်းကြောင့် မခံနိုင်ခြင်း၊ အချို့အထက်အရာရှိများက ၎င်းဝန်ထမ်းများအား မိမိသဘောဖြင့် မိမိနုတ်ထွက်ပေးပါရန် စေခိုင်းခြင်း၊ အမိန့်ပေးခြင်းတို့ကြောင့် နုတ်ထွက်စာတင်လိုက်ရသည့် အကြောင်းအရင်းတရားများ၊ မြန်မာနိုင်ငံတစ်နံတစ်လျားမှာ တွေ့ရမှာပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်အစိုးရလက်ထက်မှာ ယင်းဝန်ထမ်းများအား ပင်စင်လစာခံစားခွင့်ပေးရန် ဝန်ထမ်းများရဲ့ နည်းဥပဒေမှာ ပြဋ္ဌာန်းထားခြင်းမရှိလို့ မပေးနိုင်သည်မှာ လက်ခံရမည်ဖြစ်သော်လည်းပဲ ယနေ့ အစိုးရသစ်လက်ထက်မှာတော့ ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်တဲ့နေရာမှာ ယခု တင်ပြသော ဝန်ထမ်းများ၏ အရေးအရာကို ထည့်သွင်းစဉ်းစားပြီး မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသော (၁၀)နှစ်နှင့်အထက်ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာ ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ စိတ်မသက်သာ ခံစားနေရသောဝန်ထမ်းများရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဦးစောဗယ်လင်တိုင်း(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကယားပြည်နယ်၊ ဖရူဆိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပဲ့ဒူမှ မိမိသဘောဖြင့် နုတ်ထွက်သွားတဲ့ (၁၀)နှစ်နှင့်အထက်ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်လစာခံစားခွင့်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလာတဲ့အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေနဲ့ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်းများအား ရွေးချယ်ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခံစားခွင့်ပြုခြင်း၊ အရေးယူအပြစ်ပေးခြင်း၊ အငြိမ်းစားခံစားခွင့်ပြုခြင်း စတဲ့ဝန်ထမ်းရေးရာကိစ္စရပ်များကို ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းများမှ တစ်ပြေးညီလိုက်နာကျင့်သုံးနိုင်ရန် အလို့ငှာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၅)ဖြင့် ၈-၃-၂၀၁၃ ရက်နေ့တွင်လည်းကောင်း၊ အဆိုပါဥပဒေ ပုဒ်မ ၇၆ ပုဒ်မခွဲ(က)အရ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၁၂/၂၀၁၄)ဖြင့် ၂၆-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၂)ဖြင့် ၉-၁၂-၂၀၁၆ ရက်နေ့တွင်လည်းကောင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများအား အငြိမ်းစားခံစားခွင့်ပြုခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ တွင် သက်ပြည့်ပင်စင်၊ နှစ်ပြည့်ပင်စင်၊ နာမကျန်းပင်စင်၊ လျော်ကြေးပင်စင်၊ အထူးပင်စင်၊ မိသားစုပင်စင်၊ လျှော့ပေါ့ပင်စင်ဟူ၍ ပင်စင်ခုနစ်မျိုးကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ ၎င်းတို့အနက် သတ်မှတ်ချက်များနှင့်ညီညွတ်တဲ့ပင်စင်တစ်မျိုးမျိုးကို ဝန်ထမ်းက တောင်းခံပါက ခံစားခွင့်ပြုနိုင်မည်ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမှ ဝန်ထမ်းအဖြစ်မှ အလုပ်မှထုတ်ပယ်ခံရသော ဒါမှမဟုတ် အလုပ်မှနုတ်ပယ်ခံရသော (၁၀)နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားဝန်ထမ်းများနည်းတူ ပင်စင်လစာကို ခံစားခွင့်ပေးထားကြောင်း အပြစ်တစ်စုံတစ်ရာမရှိဘဲ မိမိသဘောနဲ့မိမိနုတ်ထွက်သွားသော ဝန်ထမ်းများအား ပင်စင်လစာခံစားခွင့်မပေးသည်ကို တွေ့ရသည့်အတွက် ဝန်ထမ်းများအား တန်းတူ

အခွင့်အရေးပေးမယ့်အစား မညီမျှတဲ့အခွင့်အရေးတစ်ခု သတ်မှတ်ပေးသည်ဟု ထင်မြင်ယူဆမိပါကြောင်း တင်ပြခဲ့သည့်အပေါ် ရှင်းလင်းဖြေကြားရပါလျှင် ဝန်ထမ်းအဖြစ်မှ အလုပ်ထုတ်ပယ်ခံရသော ဒါမှမဟုတ် အလုပ်နုတ်ပယ်ခံရသော စကားရပ်များသည် ယခင်ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးလက်စွဲ ယခု နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်ရာထူးမှ ထုတ်ပယ်ခြင်း၊ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း စကားရပ်များကို ရည်ညွှန်းခြင်းဖြစ်မည်ဆိုပါက အဆိုပါ ဝန်ထမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၅၁ တွင် ရာထူးမှနုတ်ထွက်သည့်ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းခံရသည့်ဝန်ထမ်းသည် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်လစာကိုဖြစ်စေ၊ လုပ်သက်ဆုငွေကိုဖြစ်စေ ခံစားခွင့်မရှိ ဟု သတ်မှတ်ပြဋ္ဌာန်းထားရှိတဲ့အတွက် ရာထူးမှနုတ်ထွက်သည့်ဝန်ထမ်းသည် တာဝန်ထမ်းဆောင်ခဲ့သည့် လုပ်သက်အတွက် ပင်စင်လစာကိုဖြစ်စေ၊ လုပ်သက်ဆုငွေကိုဖြစ်စေ ခံစားခွင့်မရှိပါကြောင်း ရှင်းလင်းဖြေကြားလိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံမှာ လက်ရှိကျင့်သုံးနေတဲ့ပင်စင်စနစ်သည် ထည့်ဝင်ကြေးမဲ့စနစ်(Non Contributory System) ဖြစ်ပြီး ရန်ပုံငွေထူထောင်ထားခြင်းမရှိသော ပင်စင်အကျိုးခံစားခွင့်စနစ် (Unfunded Defined Benefit System) ဖြစ်ပါတယ်။ မြန်မာနိုင်ငံပင်စင်စနစ်သည် နှစ်စဉ် နိုင်ငံတော်ရသုံးမှန်းခြေဘတ်ဂျက်မှ တိုက်ရိုက်ကျခံသည့်စနစ်ဖြစ်၍ နိုင်ငံတော်ရသုံးမှန်းခြေဘတ်ဂျက်အခြေအနေအပေါ် အခြေခံပြီး ပင်စင်ခံစားခွင့်ပေးခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းခဲ့တဲ့ မိမိသဘောဖြင့် မိမိနုတ်ထွက်သွားသည့် (၁၀)နှစ်နှင့်အထက် ဝန်ထမ်းများအား အခြားသောဝန်ထမ်းများနည်းတူ ပင်စင်ခံစားခွင့်ပြုနိုင်ရန် နိုင်ငံတော်ရသုံးမှန်းခြေဘတ်ဂျက်အခြေအနေအပေါ် အခြေခံနေတဲ့အတွက် ပင်စင်လစာခံစားခွင့်ပေးပါရန် အစီအစဉ်မရှိပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာရှင်းလင်းတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပဲ့ဒူ(ဖရူဆိုမဲဆန္ဒနယ်)**။ ။ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ကျွန်တော် မေးမယ့် တစ်ဆက်တစ်စပ်မေးခွန်းဟာ တကယ်လို့များ တစ်ဆက်တစ်စပ်မေးခွန်းရဲ့အင်္ဂါရပ်နဲ့ လွဲချော်နေတယ်ဆိုလို့ရှိရင် နားလည်ခွင့်လွှတ်သည်းခံပေးပါရန် ဥက္ကဋ္ဌကြီးကို ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော် အကြောင်းအရာတစ်ခုကို ပြောပြပါမယ်။ ကျောင်းဆရာ

တစ်ယောက်ဟာ အသက် ၅၈ နှစ်ရှိပြီးတော့မှ လုပ်သက်က ၃၃ နှစ်ရှိနေပါတယ်။ သူ့ရဲ့မိသားစု စားဝတ်နေရေးအဆင်မပြေလွန်းတာကြောင့် လက်ရှိ သူလုပ်နေတဲ့လစာထက် ပိုမိုရတဲ့ ဝင်ငွေရနေတဲ့ အလုပ်တစ်ခုကိုလုပ်နိုင်ဖို့အတွက် လုပ်သက်ပင်စင်ကိုလျှောက်ထားရာမှာ ခွင့်ပြုမိန့်မရပါဘူး။ မရတဲ့ အတွက် သူ့သဘောနဲ့သူ နုတ်ထွက်လိုက်ရတယ်။ နုတ်ထွက်လိုက်ပြီးတော့မှ နှစ်နှစ်လောက်အကြာ မှာ သူလုပ်နေတဲ့အလုပ်ရဲ့လုပ်ငန်းဟာ ကုမ္ပဏီလို့ပဲ ဆိုကြပါစို့။ အဲဒီလုပ်ငန်းက ပျက်ပြယ်သွားပြီးတော့မှ ဒေဝါလီခံသွားတဲ့အတွက် သူ့မှာ အလုပ်လက်မဲ့ဖြစ်ရပါတယ်။ တစ်ဖက်က ပင်စင်လစာကလည်းမရ။ တစ်ဖက်ကလည်း အလုပ်ကလည်းမရ။ အဲဒီတော့ အဲဒီကျောင်းဆရာကြီးဟာ သူ့မှာ ခေါင်းလောင်း ကလေးကို ကလိုင်ခေါက်ပြီးတော့မှ ရေခဲချောင်းရောင်းနေရတဲ့ဘဝကိုရောက်ရှိသွားပါတယ်။ သူဝန်ထမ်းဘဝလုပ်နေတဲ့အချိန်မှာ နိုင်ငံတော်အကြီးအကဲကနေပြီးတော့မှ ဝန်ထမ်းကောင်းဆု တံဆိပ်ရထားတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလိုမျိုး ပုဂ္ဂိုလ်တွေအတွက်ကျတော့ ပြန်ပြီးတော့မှ အထူးသက်ညှာသောအားဖြင့် ထပ်ပြီးတော့မှ မေးမြန်းလိုသည်မှာ လုပ်သက် (၂၀) နှစ်နှင့်အထက် မိမိသဘောနှင့် မိမိနုတ်ထွက်သွားသောဝန်ထမ်းများအား အခြားသောဝန်ထမ်းများ ကဲ့သို့ ပင်စင်လစာများပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဥက္ကဋ္ဌ**။ ။ ကိုယ်ဟာကိုယ်နုတ်ထွက်တဲ့ဝန်ထမ်းက အခြားသောဝန်ထမ်းနဲ့ အစ ကတည်းကမတူညီတာကို ရှင်းနေပါတယ်။ အဲဒီတော့ ကိုယ်ဟာကိုယ်နုတ်ထွက်တဲ့ဝန်ထမ်းက တခြားသောဝန်ထမ်းနဲ့ အစကတည်းက ဘယ်လိုတူညီမှာလဲ။ အဲဒီမတူညီတာကို တူညီတဲ့အခွင့်အရေး ရဖို့ဆိုတာ၊ တူညီတဲ့ခံစားခွင့်ရဖို့ဆိုတာ သင့်တယ်/မသင့်တယ်။ ဥပဒေနဲ့ညီတယ်/မညီတယ်။ နိုင်ငံ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနဲ့ ဆီလျော်မှုရှိတယ်/မရှိတယ်ပဲ ဒါ စဉ်းစားဖို့လိုပါတယ်။ အခု ဒီ တစ်ဆက်တစ်စပ်တည်းမေးခွန်းက တစ်ဆက်တစ်စပ်တည်းမဟုတ်တဲ့အတွက် ပြည်ထောင်စုရာထူးဝန် အဖွဲ့အနေနဲ့ ပြန်လည်ဖြေကြားဖို့ မလိုပါဘူး။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေရေးကြေးရေးနှင့်ပတ်သက်သော အစီရင်ခံစာများ(၂၀၁၅-၂၀၁၆)၊ (၂၀၁၆-၂၀၁၇)၊ (၆)လတစ်ကြိမ် အခါအားလျော်စွာ (၃)လပတ် အစီရင်ခံစာအား အစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ အများပြည်သူသို့ တင်ပြထုတ်ပြန်နိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်မှ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်၊ ၂၀၁၆-၂၀၁၇ ခုနှစ်နှင့် ယနေ့အထိ ငွေရေးကြေးရေးနှင့်ပတ်သက်သော အစီရင်ခံစာများထုန်ပြန်နိုင်ခြင်းရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဗဟိုဘဏ်ရဲ့အဓိကရည်ရွယ်ချက်ကတော့ ငွေရေးကြေးရေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးထိရောက်သောငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေး၊ ရှင်သန်သောစီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် အစိုးရ၏အထွေထွေစီးပွားရေးမူဝါဒများကို အထောက်အကူပြုရေးပဲ ဖြစ်ပါတယ်။ ဗဟိုဘဏ်ဟာ ၎င်းရဲ့ငွေကြေးမူဝါဒ၏ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး၊ မူဝါဒများချမှတ်ဆောင်ရွက်မှု နိုင်ငံတော်၏ ငွေရေးကြေးရေးအခြေအနေနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် အစီရင်ခံတင်ပြရခြင်း။ အဆိုပါအစီရင်ခံစာကို ဝန်ကြီးဌာနသို့လည်း ပေးပို့ခြင်း၊ ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးမူဝါဒ၊ ငွေရေးကြေးရေးစနစ်ဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံတော်ရဲ့ငွေရေးကြေးရေးအခြေအနေ သို့မဟုတ် ဗဟိုဘဏ်ရဲ့ရည်ရွယ်ချက်များ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်သို့ အခါအားလျော်စွာအစီရင်ခံစာတင်ပြရခြင်း၊ ဗဟိုဘဏ်သည်ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု၊ သတင်းအချက်အလက်များကို အများပြည်သူသိရှိရန် ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးလပတ်အလိုက် ထုတ်ပြန်ကြေညာခြင်းစတဲ့ ရည်ရွယ်ချက်များ တာဝန်ခံမှုနှင့် သတင်းအချက်အလက်များ ထုတ်ပြန်မှုတို့နှင့်ပတ်သက်၍ အစိုးရအဖွဲ့၊ ပြည်ထောင်စု

လွှတ်တော်၊ အများပြည်သူသို့ တင်ပြထုတ်ပြန်နိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်ခင်စောဦး(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်မကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေကြေးမူဝါဒ အကောင်အထည် ဖော်ဆောင်ရွက်ချက် အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး ဆောင်ရွက်ချက်အစီရင်ခံစာ တွေကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြခဲ့ပြီး ပြည်သူများသိရှိနိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ Website ဖြစ်တဲ့ www.cbm.gov.mm မှာ ထုန်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

အစီရင်ခံစာများဟာ ပြည့်စုံမှန်ကန်တဲ့ ကိန်းဂဏန်းများအပေါ်မှာမူတည်ပြီးတော့ ရေးသားရ ခြင်း၊ အရေးကြီးတဲ့ မက်ခရိုစီးပွားရေးအချက်အလက်များ ပါဝင်တဲ့အတွက်ကြောင့်မို့လို့ ငွေရေး ကြေးရေးကဏ္ဍတစ်ခုတည်းကသာမဘဲနဲ့ အခြားကဏ္ဍများရဲ့ ကိန်းဂဏန်းအချက်အလက်များကိုပါ ရယူရခြင်းကြောင့် အများပြည်သူကို တင်ပြတဲ့အခါမှာ အချိန်ကာလတစ်ခုခြားပြီးတော့ တင်ပြရခြင်း ကြောင့် အစီရင်ခံစာတင်ပြမှု နောက်ကျရခြင်းဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာများကို အချောသတ်ပြုစုလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ မကြာမီတင်ပြသွားမှာ ဖြစ်ပါ တယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အစီရင်ခံစာများကို နှစ်ချုပ်စာရင်းပြီးပါက ပြုစုတင်ပြ သွားမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ တစ်နှစ်လျှင် နှစ်ကြိမ် တင်ပြ နိုင်ရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုတင်ပြတဲ့နေရာမှာ ပထမ ၆ လအတွက် အစီရင်ခံစာ ကိုသာ ယင်းဘဏ္ဍာရေးနှစ်အတွင်းမှာ တင်ပြနိုင်မှာဖြစ်ပြီးတော့ နှစ်ချုပ်အစီရင်ခံစာကိုတော့ နောက် ဘဏ္ဍာရေးနှစ်မှသာ တင်ပြနိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် လစဉ်စာရင်းပိတ်လျှင်

ကြားကာလ (time lag) တစ်လခန့်ရှိပြီးတော့ နှစ်ချုပ်စာရင်းပိတ်လျှင် time lag သုံးလ၊ လေးလခန့်ရှိပါတယ်။ မြန်မာတစ်ပြည်လုံး Network အတိုင်းအတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ စာရင်းအင်းများစုစည်းရာမှာ ယခုလို time lag ရှိခြင်းဖြစ်ပါတဲ့အကြောင်းကို ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။ အလျဉ်းသင့်လို့ ကျွန်မတင်ပြချင်တာကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကနေပြီးတော့ (၃)လပတ်ငွေရေးကြေးရေးစာရင်းအင်းစာစောင်ကို ကျွန်မတို့ထုတ်ပြန်လျက်ရှိပါတယ်။ ကျွန်မတို့ရဲ့ Website မှာလည်း ဒါကိုတင်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငွေရေးကြေးရေးစာရင်းအင်းများနှင့်လည်း သိရှိလေ့လာသူများဟာ ကျွန်မတို့ Website မှာ လာရောက်ပြီးတော့ ကြည့်ရှုနိုင်ကြတဲ့အကြောင်းကို ကျွန်မအနေနဲ့ တင်ပြအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ ဗဟိုဘဏ်ဟာ ငွေရေးကြေးရေးနှင့် ပတ်သက်တဲ့ အစီရင်ခံစာများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီးတော့ တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ပြန်အစီရင်ခံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံတစ်ဝန်း ကျယ်ပြန့်စွာပျံ့နှံ့နေသည့် ငွေစက္ကူအတုများနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ပေါင်းစပ်ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ လက်ရှိမြန်မာနိုင်ငံတစ်ဝန်းမှာ ပျံ့နှံ့နေတဲ့ငွေစက္ကူအတုကိစ္စများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနတွေအနေနဲ့ မည်ကဲ့သို့ ဆောင်ရွက်လျက်ရှိတယ်ဆိုတာကို သိရှိလိုတဲ့အတွက် မေးခွန်းများမေးမြန်းသွားမှာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံတစ်ဝန်းမှာ ငွေစက္ကူအတုတွေ ဖမ်းဆီးရမိတာတွေနဲ့ပတ်သက်လို့ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားတွေမှာ တွေ့ရလေ့ရှိသလို ဘဏ်များတွင်လည်း ငွေလာရောက်အပ်နှံရာမှ ငွေစက္ကူအတုတွေ ပါဝင်လာခြင်းနှင့်စပ်လျဉ်းပြီးတော့လည်း လူမှုကွန်ရက်စာမျက်နှာတွေမှာ ရက်ခြားဆိုသလို တွေ့နေရပါတယ်။ ဒီလိုအခြေအနေတွေဟာ သာမန်ပြည်သူတွေအတွက် စိုးရိမ်စရာဖြစ်သလို ကိုယ့်လက်ထဲမှာရှိနေတဲ့ ငွေစက္ကူတွေထဲကမှ ဘယ်အရွက်ဟာ အတုဖြစ်မလဲဆိုပြီးသွားတော့မှ ပူပန်တွေးတောစရာတွေ ဖြစ်နေပါတယ်။ ဒါ့အပြင် ငွေစက္ကူအစစ်မှာ ဘာတွေပါဝင်တယ်၊ ငွေစက္ကူအတုဆိုလို့ရှိရင် ဘယ်လိုပုံပန်းသဏ္ဌာန်ရှိနိုင်လဲ အစရှိသဖြင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးတဲ့ကိစ္စရပ်မျိုးတွေကိုလည်း မတွေ့ရှိ

ရပါဘူး။ ကျွန်တော်ဒီမေးခွန်းကို မေးမြန်းဖို့တင်ထားတဲ့အချိန်မှာပဲ ကျွန်တော့်မေးခွန်းထဲမှာပါတဲ့ ငွေစက္ကူအတုများနှင့်ပတ်သက်ပြီး ဘဏ်များအပေါ် ဘယ်လောက်လုပ်ပိုင်ခွင့်ပေးထားသလဲဆိုတာ ရယ်၊ ဘဏ်ဝန်ထမ်းတွေက ငွေအတုလို့ယူဆရတဲ့ ပိုက်ဆံတွေအပေါ်ကို အပေါက်ဖောက်ခြင်း၊ ဒါမှ မဟုတ် တစ်ဝက်ဆုတ်ဖြဲခြင်း ပြုလုပ်နေတာတွေနဲ့ပတ်သက်ပြီး ၂၅-၅-၂၀၁၇ ရက်နေ့ ဗဟိုဘဏ် ငွေကြေးနှင့်စီမံဌာန ညွှန်ကြားရေးမှူးချုပ်က သတင်းမီဒီယာတွေနဲ့တွေ့ဆုံတဲ့နေရာမှာ ငွေစက္ကူအတု တွေကို ဘဏ်တွေအနေနဲ့ ဖျက်သိမ်းခွင့်၊ ဖျက်ဆီးခွင့်မပြုထားကြောင်း၊ သက်ဆိုင်ရာရဲစခန်းကို အပ်နှံ ရမှာဖြစ်ကြောင်း၊ ငွေစက္ကူတွေအပေါ်မှာ အမှတ်အသားရေးခြစ်ခြင်းတွေကိုလည်း လုပ်ပိုင်ခွင့်မပြု ကြောင်း အစရှိသဖြင့် ဖြေကြားထားတာတွေကိုတော့ တွေ့ရှိရပါတယ်။ ဒါပေမဲ့ ကျွန်တော့်မေးခွန်းရဲ့ အဓိကဆိုလိုရင်းဖြစ်တဲ့ ငွေစက္ကူအတုလို့ ယူဆသတ်မှတ်ပြီးတော့ ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်းတွေ ခံလိုက်ရတဲ့ ပြည်သူတွေရဲ့ဆုံးရှုံးသွားသော ငွေကြေးတွေအတွက် အစိုးရသော်လည်းကောင်း၊ ဗဟိုဘဏ် ဒါမှမဟုတ် သက်ဆိုင်ရာဘဏ်ကသော်လည်းကောင်း ဘယ်လိုအစားထိုးဖြည့်ဆည်းမှုတွေ လုပ်ကိုင်ဆောင်ရွက်ပေးမယ်၊ ဒါမှမဟုတ် သိမ်းဆည်းခံရတဲ့ ငွေအပ်နှံသူတွေအတွက် ဘယ်လိုခိုင်လုံတဲ့ အထောက်အထားတွေ လုပ်ကိုင်ဆောင်ရွက်ပေးမယ်ဆိုတဲ့ဟာတွေ မပါလာတဲ့အတွက် ဒီမေးခွန်းကို ဆက်လက်မေးမြန်းရခြင်းဖြစ်ပါတယ်။ သာမန်ပြည်သူတစ်ယောက်အနေနဲ့ ဘဏ်တစ်ခုကိုလာပြီးတော့ ငွေအပ်နှံမယ်၊ ဒါမှမဟုတ် ငွေလွှဲမယ်။ အဲဒီထဲမှာမှ ငွေစက္ကူတွေထဲက တချို့ကို ဘဏ်ဝန်ထမ်းတွေက အတုဖြစ်တယ်လို့ယူဆပြီးတော့ ယခင်တုန်းကဆိုလို့ရှိရင်တော့ ဖျက်ဆီးပစ်တယ်၊ အခုဆိုလို့ရှိရင်တော့ သိမ်းဆည်းလိုက်တယ်။ ဒီလိုပြုလုပ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ဆုံးရှုံးသွားတဲ့ငွေကြေးအတိုင်းအတာ တစ်ခုအတွက်ကိုတော့ ဘဏ်ကနေ တာဝန်ယူနိုင်ခြင်းမရှိပါဘူး။ ဒါ့အပြင် အခုနောက်ဆုံးညွှန်ကြား ချက်အရဆိုလို့ရှိရင်တော့ သိမ်းဆည်းလိုက်တဲ့ငွေစက္ကူတွေအတွက်လည်း ခိုင်လုံတဲ့အထောက်အထား တစ်ခုခုထုတ်ပြန်ပေးတာမျိုးလည်း မရှိပါဘူး။ ဒီတော့ ငွေအပ်နှံနေတဲ့ပြည်သူတွေအတွက်မှာတော့ တရားမဝင်ငွေကြေးအတုပြုလုပ်ကိုင်ဆောင်တယ်ဆိုပြီးသွားတော့မှ ထပ်မံတရားစွဲဆိုခြင်းမခံရရင်ဘဲ တော်လှပါပြီလို့ သဘောထားပြီးသွားတော့မှ ကြည်ဖြူပေးလိုက်ရသလိုဖြစ်နေပါပြီ။ ဘဏ်များဘက်က လည်း ငွေစက္ကူအတုမှန်းသိသိကြီးနဲ့ ဒီငွေကြေးလည်ပတ်မှုစက်ဝိုင်းထဲမှာ ထပ်မံလည်ပတ်ဖို့ ခွင့်မပြု နိုင်ဘူး။ အဲဒီအခြေအနေတွေကြောင့်မို့လို့ ငွေစက္ကူအတုတွေကို တွေ့ရှိတယ်ဆိုလို့ရှိရင်ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်းတွေ ပြုလုပ်ရတယ်ဆိုပြီးသွားတော့လည်း ရှင်းလင်းပြောကြားလေ့ရှိပါတယ်။ ဒါပေမဲ့ ငွေကြေးအပ်နှံသူပြည်သူတွေအတွက်ကတော့ ၎င်းတို့ရိုးသားစွာရှာဖွေထားတဲ့ ငွေကြေးအတိုင်းအတာ

တစ်ခုဟာ မျက်စိတစ်မှိတ်အတွင်းမှာ ဆုံးရှုံးသွားရခြင်းဖြစ်ပါတယ်။ ဆင်လည်း ဆင်အထွာ၊ ဆိတ်လည်း ဆိတ်အထွာ ဆိုတဲ့အတိုင်းပဲ ၁၀၀၀၀ တန်၊ ၅၀၀၀ တန် တစ်ရွက် နှစ်ရွက်ဟာ ဆုံးရှုံးသွားရတဲ့ အချို့သောပုဂ္ဂိုလ်တွေအတွက် ဘာမှမပြောပလောက်တဲ့ပမာဏဖြစ်နေပေမဲ့ လက်ရှိ ကျွန်တော်တို့နိုင်ငံရဲ့ တစ်နေ့တာအနည်းဆုံးအလုပ်သမားလစာထက် နှစ်ဆကနေပြီးတော့ သုံးဆနီးပါးအထိ ရှိနေတယ်ဆိုတာကိုလည်း သတိပြုစေချင်ပါတယ်။ ဒါကြောင့် ငွေစက္ကူအတုတွေ ပြည်သူလက်ဝယ်မှာ ထပ်မံလည်ပတ်မှု မဖြစ်စေရေးဆိုတဲ့အကြောင်းပြချက်တစ်ခုတည်းနဲ့တင်ပဲ တစ်စုံတစ်ရာ သောဖြေရှင်းပေးမှုမရှိဘဲနဲ့ ပြည်သူတွေရဲ့ချွေးနဲစာတွေထဲက ငွေစက္ကူတွေကို စက္ကူစုတ်တစ်ခုအဖြစ် ဖြစ်သွားနေရတာကတော့ မသင့်တော်ဘူးလို့ ယူဆရတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၆ ပုဒ်မခွဲ(င)အရ တရားဝင်ထုတ်ဝေ ထားသော ငွေကြေးတွေကို တရားမဝင်ငွေကြေးအဖြစ် အသိအမှတ်သတ်မှတ်ခြင်းမပြုလို့ ဖော်ပြထားသော်လည်း ပြည်သူတွေရဲ့လက်ဝယ်မှာ ရိုးသားစွာရှာဖွေထားတဲ့ငွေကြေးတွေထဲက တရားမဝင် ငွေစက္ကူတွေ ရောနှောပါဝင်နေတာတွေ၊ အဲဒီငွေစက္ကူတွေ ထုတ်လုပ်ဖြန့်ချိမှုတွေက သူတို့တွေနဲ့ ဘာမှမသက်ဆိုင်ပါဘဲနဲ့ လျော်ကြေး၊ နစ်နာကြေးတစ်စုံတစ်ရာသော်လည်းကောင်း၊ ဒါမှမဟုတ်လို့ရှိရင် ထိုက်သင့်သော နှုန်းထားတစ်ခုသော်လည်းကောင်း ရယူခြင်းမရှိဘဲနဲ့ ဖျက်ဆီးခံနေရတယ်ဆိုတာဟာ တရားဝင်ရှာဖွေထားတဲ့ပြည်သူတွေရဲ့ ငွေကြေးတွေကို တရားမဝင်ငွေစက္ကူအဖြစ်သို့ ပြောင်းလဲခံနေရခြင်းတစ်မျိုးလို့ ယူဆရပါတယ်။ ဒါကြောင့်မို့လို့ ဒီငွေစက္ကူအတုတွေ ပျံ့နှံ့နေခြင်းကြောင့် ရိုးသားစွာရှာဖွေလုပ်ကိုင်စားသောက်နေရတဲ့ ပြည်သူတွေရဲ့ ငွေကြေးဆုံးရှုံးမှုတွေဖြစ်ပေါ်နေခြင်းနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဗဟိုဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့တွေအနေနဲ့ မည်ကဲ့သို့ပေါင်းစပ်ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေ။ နေပြည်တော်၊ ဇမ္ဗူသီရိမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်ရဲ့ ငွေစက္ကူအတုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာ ဗဟိုဘဏ်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့အနေနဲ့ မည်ကဲ့သို့ပေါင်းစပ်ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းအား ဖြေကြားခွင့်ပြုပါခင်ဗျား။ ငွေစက္ကူအတုများ ပျံ့နှံ့နေသည်ဟုဖော်ပြခြင်းနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မှတ်တမ်းများအရ ငွေစက္ကူအတုအဖြစ် အပ်နှံထားတဲ့ပမာဏဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၅၀၀၀ တန် ၁၃၄၃ ရွက်၊ ၁၀၀၀၀ တန် ၉၅၇ ရွက် စစ်ဆေးပြီး အတုလို့အတည်ပြုလက်ခံထားရှိသည်ကို တွေ့ရှိရတဲ့အတွက် လှည့်လည်သုံးစွဲလျက်ရှိတဲ့ ရွက်ရေစုစုပေါင်း ၁၃၅၃ သန်းနှင့်နှိုင်းယှဉ်လို့ရှိရင် ၀.၀၀၀၁၅၄ ရာခိုင်နှုန်းသာရှိကြောင်း တင်ပြလိုပါတယ်။

ငွေစက္ကူအတုနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဌာန ထုတ်ပြန်ခဲ့တဲ့ လုပ်ထုံးလုပ်နည်းများမှာ ဘဏ်ခွဲ/ဘဏ်ရုံးခွဲ/ဘဏ်ငွေတိုက်ခွဲများမှာ ပေးသွင်းတဲ့ ငွေစက္ကူ သို့မဟုတ် ငွေအကြွေများမှ အတုများကို စစ်ဆေးတွေ့ရှိပါက ပေးသွင်းသူကို ငွေစက္ကူအတု သို့မဟုတ် ငွေအကြွေအတုနှင့်တကွ သက်ဆိုင်ရာရဲဌာနသို့ လိုအပ်သလိုစုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ရန် ပို့အပ်ရမည်ဟု ပြဋ္ဌာန်းထားပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့အထဲမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၆ ပုဒ်မခွဲ(င)အရ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု အတိအလင်းဖော်ပြထားသော်လည်း တရားဝင်ရှာဖွေထားသော ပြည်သူတို့၏ဝင်ငွေများကို တရားမဝင်ငွေစက္ကူများအဖြစ်သို့ ပြောင်းလဲသွားရခြင်းပင်ဖြစ်ပါသည်လို့ ပါရှိပါတယ်။ တကယ်တမ်းကတော့ ဒီအခြေခံမူမှာ ဖော်ပြထားချက်ဟာ တရားဝင်ထုတ်ဝေတဲ့ငွေကြေးများကို လုံးဝအာမခံချက်ပြုခြင်းသာ ဖြစ်ပါတယ်။

ပြည်တွင်းသုံးငွေထုတ်ဝေခြင်းနှင့်ပတ်သက်ပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၂ မှာ ဗဟိုဘဏ်ကသာလျှင် ငွေစက္ကူနှင့်ဒင်္ဂါးများ ထုတ်ပိုင်ခွင့်ရှိသည်။ ဗဟိုဘဏ်ကထုတ်ဝေသော ငွေစက္ကူနှင့် ဒင်္ဂါးများသည် နိုင်ငံတော်တစ်ဝန်းလုံးတွင် တရားဝင်ငွေအဖြစ် တည်ရှိစေရမည်ဟု ဖော်ပြထားပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေတဲ့ငွေစက္ကူများသာလျှင် တရားဝင်ငွေများဖြစ်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၂ မှာ မည်သူမျှ ဗဟိုဘဏ်က ထုတ်ဝေသော ငွေစက္ကူ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းတစ်မျိုးမျိုးကို အတုပြုလုပ်ခြင်း၊ အတုကို ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းထားတဲ့အတွက် ငွေစက္ကူ

အတုများဟာ မူလကပင် တရားမဝင်ဖြစ်ပြီး ပြစ်မှုမြောက်သက်သေခံဖြစ်ပါတယ်။ ပုဒ်မ ၁၀၁ မှာလည်း မည်သူမျှဗဟိုဘဏ်က ထုတ်ဝေသောငွေစက္ကူ ဒင်္ဂါးနှင့် လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း တစ်မျိုးမျိုးကို အတုမှန်းသိလျက်နှင့် သုံးစွဲခြင်းမပြုလုပ်ရလို့ ပြဋ္ဌာန်းထားတဲ့အတွက် သိလျက်နဲ့သုံးစွဲခြင်းဟာ ပြစ်မှုမြောက်ပါကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

အမိကထားမေးမြန်းတဲ့ ငွေစက္ကူအတုများနှင့်ပတ်သက်ပြီး ဘဏ်များအပေါ်မှာ လုပ်ပိုင်ခွင့် အပ်နှင်းထားခြင်းနှင့်ပတ်သက်ပြီး ကိုယ်စားလှယ်တော်ကြီးလည်း အခုနကတုန်းက ရှင်းလင်းသွားတာ ရှိပါတယ်။ အတုများလာရောက်ပေးသွင်းမှုတွေ့ရှိလို့ရှိရင် သူတို့၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာတို့ကို မှတ်သားပြီးတော့ ငွေစက္ကူအတုကို မှတ်တမ်းအပြည့်အစုံနှင့် လိုအပ်သလိုစုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် နီးစပ်သော ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ပို့အပ်ရန်ဆိုပြီး ညွှန်ကြားထားတာလည်း ရှိပါတယ်။ ငွေစက္ကူအတုများနှင့်ပတ်သက်ပြီး ကောလဟာလမဖြစ်ပေါ်စေရေးနှင့် ငွေကြေးကဏ္ဍ တည်ငြိမ်မှုမပျက်ပြားစေရေးအတွက် အခါအားလျော်စွာ ဘဏ်များမှ တာဝန်ရှိသူများအား ငွေစက္ကူအတုနှင့်အစစ်တို့ကို ခြားနားချက်များ၊ ထူးခြားချက်များကို ရှင်းလင်းပြသပြီး အကယ်၍ ဘဏ်များအနေနှင့် ငွေစက္ကူအတုများလက်ခံရရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးဌာနမှ ထုတ်ပြန်ထားတဲ့ ငွေကြေးဆိုင်ရာစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ထုတ်ဝေထားတဲ့ ငွေစက္ကူများရဲ့ ခိုင်မာလုံခြုံမှုအတွက် လုံခြုံမှုအဆင့်အတန်းနှင့် အရည်အသွေးမြှင့်တင်ခြင်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒီအတွက် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ စတင်ထုတ်ဝေခဲ့တဲ့ ၅၀၀၀ ကျပ်တန်ကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှာ စတင်ထုတ်ဝေခဲ့တဲ့ ၁၀၀၀၀ ကျပ်တန်ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှာပဲ လုံခြုံရေးအဆင့်အတန်းပိုမိုတိုးမြှင့်ပြီးတော့ ထုတ်ဝေခဲ့ပါတယ်။ လုံခြုံရေးအဆင့်အတန်းမြှင့်တင်ထားတဲ့ ငွေစက္ကူပုံစံသစ်များဟာ အရည်အသွေးပိုမိုကောင်းမွန်တဲ့အတွက် ငွေစက္ကူအတုများမှာလည်း ပုံစံဟောင်းငွေစက္ကူများတွင်သာတွေ့ရှိရပြီး လုံခြုံရေးအဆင့်အတန်းမြှင့်တင်ထားတဲ့ငွေစက္ကူများကို အတုတွေ့ရှိမှုမရှိသလောက်နည်းပါးသည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ လုံခြုံရေးအဆင့်မြှင့်တင်ထားတဲ့ တုပရန်ခက်ခဲတဲ့ငွေစက္ကူများကိုသာ ထုတ်ဝေလျက်ရှိပါတယ်။

**မူကြမ်း**

ပြည်သူလူထုအနေနဲ့ သိရှိနိုင်ရန် ငွေစက္ကူထုတ်ဝေစဉ်ကလည်း လုံခြုံရေးဆိုင်ရာ ထူးခြားချက်များကို သတင်းစာ၊ မီဒီယာတို့မှာ ဖော်ပြပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website မှာလည်း ဖော်ပြထားပါတယ်။ ပြည်သူများအနေနဲ့ ငွေစက္ကူရဲ့လုံခြုံရေးထူးခြားချက်များကို သိရှိလေ့လာပြီးတော့ ငွေစက္ကူအတုများ မိမိလက်ဝယ်မှာ မရောက်ရှိစေခြင်းဖြင့် နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေနိုင်မှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလကနေ မေလ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ငွေစက္ကူအတုများကို နယ်စပ်မှ ခုနစ်ကြိမ်၊ ပြည်တွင်းတုပမှု ခြောက်ကြိမ် ဖမ်းဆီးရရှိပြီး ၎င်းငွေစက္ကူအတုများကို Color Printer, Color Copier, Block နည်းတို့နဲ့ တုပပြုလုပ်ထားကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ငွေစက္ကူအတုများ တွေ့ရှိပါက ငွေစက္ကူအတုဖြန့်ဝေသူများနှင့် ထုတ်လုပ်သည့်စက်များကိုပါ ဆက်လက်စုံစမ်းဖော်ထုတ်ပြီး တရားစွဲဆိုတင်ပို့ခြင်း၊ ပြည်ပမှ ထုတ်လုပ်သည့် ငွေစက္ကူအတုများ ပြည်တွင်းသို့ သယ်ဆောင်၊ ဖြန့်ဖြူး၊ သုံးစွဲမှုမရှိစေရေးအတွက် ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ တရားရုံးမှအမိန့်ချမှတ်ပြီးတဲ့ ငွေစက္ကူအတုများကို တရားရုံး ပြီးပြတ်ချက်နှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အပ်နှံပြီး၊ အပ်နှံထားသော ငွေစက္ကူအတုများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အပြီးသတ်ဖျက်ဆီးရေးကော်မတီဖွဲ့စည်း အတည်ပြုချက်ရယူကာ ဖျက်ဆီးမှုများပြုလုပ်လျက်ရှိပါတယ်။

ငွေစက္ကူအစစ်ရဲ့ထူးခြားချက်ဟာ ကျစ်လျစ်သိပ်သည်းခြင်း၊ ကြမ်းခြင်း၊ ခရမ်းလွန်ရောင်ခြည်အောက်မှာ နို့နှစ်ရောင်အဖြစ်တွေ့မြင်ရပြီး ရာသီဥတုနှင့် ရေစိုမှုဒဏ်ခံနိုင်စေရန်ပြုလုပ်ထားပါတယ်။ ဒါ့အပြင် ငွေစက္ကူအရွယ်အစား၊ နံပါတ်စဉ်၊ အက္ခရာ၊ ရေစာ၊ လုံခြုံရေးကြိုးများ၊ ပုံနှိပ်နည်းစနစ်နှင့် အခြားလျှို့ဝှက်ချက်များအား တုပနိုင်ခြင်းမရှိစေရန် ကာကွယ်ထားပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်တွင်းမှာ ငွေစက္ကူအတုများထုတ်လုပ်၊ ဖြန့်ဖြူးသုံးစွဲမှုမရှိစေရေးအတွက်လည်းကောင်း၊ ပြည်ပမှ ငွေစက္ကူအတုများ ဝင်ရောက်လာမှုမရှိစေရေးအတွက်လည်းကောင်း အစီအမံများရေးဆွဲ၍ အရှိန်အဟုန်ဖြင့် စုံစမ်းစစ်ဆေးဖမ်းဆီးခြင်း၊ ငွေစက္ကူအတုနှင့်အစစ် ခွဲခြားနိုင်ရေးအတွက် ပြည်သူလူထုအား အသိပညာပေးခြင်း၊ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်များ ချမှတ်နိုင်ရေးအတွက် တရားရုံး၊ ဥပဒေရုံးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**မူကြမ်း**

**ဦးဖြိုးဇေယျာသော်(ခ)ဦးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါခင်ဗျား။ အခုလိုပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ဗဟိုဘဏ်တာဝန်ရှိသူများကို ကျေးဇူးအထူးပဲတင်ရှိပါတယ်။ အခုဖြေကြားချက်အရဆိုလို့ရှိရင်တော့ အခုနောက်ဆုံးညွှန်ကြားချက်အရ ဘဏ်တွေမှာ ငွေလာလွှဲ၊ ငွေလာအပ်လို့ရှိရင် ငွေစက္ကူအတုပါလာရင် သိမ်းဆည်းမယ်။ ရဲစခန်းကို အပ်မယ်။ လျော်ကြေး၊ နစ်နာကြေးတွေ မပေးနိုင်ဘူး။ အဲဒီလို ကျွန်တော့်အနေနဲ့ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်မေးခွန်းထဲမှာပါတဲ့ သိမ်းဆည်းခံလိုက်ရတဲ့ငွေစက္ကူတွေအတွက် ခိုင်လုံတဲ့ အထောက်အထားအချက်အလက်တစ်ခုခု ပြန်လည်ပေးအပ်ဖို့အစီအစဉ်ရှိ/မရှိဆိုတာကို တစ်ဆက်တည်း မေးမြန်းလိုတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက အပြင်မှာလည်း လက်တွေ့တကယ်ကိုပြဿနာ အနေနဲ့ ဖြစ်ပွားနေလို့ပါ။ ဥပမာ လုပ်ငန်းရှင်တစ်ယောက်ဟာ သူရဲ့အလုပ်သမားတစ်ဦးဦးကို ဘဏ်မှာသွားပြီး ငွေလွှဲခိုင်းမယ် သို့မဟုတ် ငွေအပ်ခိုင်းမယ်။ ဒါပေမဲ့ အဲဒီမှာ ငွေစက္ကူအတုပါလာ ခဲ့တယ်ဆိုလို့ရှိရင်တော့ ယခင်တုန်းကဆိုလို့ရှိရင်တော့ ဘဏ်တွေက အပေါက်ဖောက်ပြီးသော်လည်း ကောင်း၊ တစ်ဝက်ဖြဲပြီးသော်လည်းကောင်း ပြန်ပေးလိုက်တယ်။ အဲဒီတော့ ဒီလုပ်သားအနေနဲ့က သူရဲ့လုပ်ငန်းရှင်ဆီကို ပြန်ရောက်သွားတဲ့အခါမှာ ဘဏ်ကတော့ ဒီငွေစက္ကူတွေကို အတုမို့လို့ လက်မခံလိုက်ပါဘူးဆိုပြီးတော့ ပြန်လည်တင်ပြလို့ရတယ်။ ဒါပေမဲ့အခုအချိန်မှာကျတော့ ရဲစခန်းကို အပ်ဖို့အတွက်ဆိုပြီးတော့မှ သိမ်းဆည်းလိုက်တဲ့အချိန်မှာ ဘာမှအထောက်အထားပြန်လည်ပေးအပ် ခြင်းမရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ အလုပ်ရှင်နဲ့အလုပ်သမားကြားပဲဖြစ်ဖြစ်၊ ဒါမှမဟုတ်လို့ ရှိရင်လည်းပဲ ငွေအပ်နှံဖို့စေခိုင်းလိုက်တဲ့သူနဲ့ အစေခိုင်းခံရသူပဲဖြစ်ဖြစ် အဲဒီနှစ်ဦးကြားထဲမှာ နားလည်မှုလွဲမှုတွေဖြစ်ပွားစေနိုင်ပါတယ်။ ပြည်သူများရဲ့ဆုံးရှုံးနစ်နာမှုတွေကို အခုလိုမျိုး ဘာလျော်ကြေး၊ နစ်နာကြေးမှမပေးနိုင်သေးဘူး ဆိုရင်တောင်မှ အခုလိုမျိုး အထောက်အထားတစ်ခုခု လည်း မပေးဘဲနဲ့ သိမ်းဆည်းခြင်းထက်စာရင် ယခင်တုန်းကလိုမျိုး အပေါက်ဖောက်ပြီးတော့လည်း ကောင်း၊ ဒါမှမဟုတ်လို့ရှိရင်လည်း တစ်ဝက်ဖြဲပြီးသော်လည်းကောင်း အဲဒီလိုမျိုး ပြန်ပေးလိုက်တာကမှ ပြည်သူတွေအနေနဲ့ အဲဒီပိုက်ဆံ ဒါမှမဟုတ်လို့ရှိရင်လည်း ဒီငွေစက္ကူ ဒီဟာရဲ့လာရာကို ပြန်လည် တင်ပြပြီးသွားတော့မှ Complaint သော်လည်းကောင်း၊ ဒါမှမဟုတ်လို့ရှိရင်လည်း အလျော်အစား သော်လည်းကောင်း ပြန်လုပ်လို့ ရကောင်းရနိုင်ပါသေးတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တစ်ဆက် တစ်စပ်တည်းမေးမြန်းလိုတာကတော့ ဘဏ်ကိုအပ်နှံတဲ့ငွေစက္ကူအတုတွေ ပါဝင်လာခဲ့လို့ သိမ်းဆည်းမယ်ဆိုလို့ရှိရင် သိမ်းဆည်းခံရသူကို တိကျခိုင်လုံတဲ့အထောက်အထားတစ်ခုခု ထုတ်ပြန်

ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာရယ်၊ အကယ်၍ မရှိခဲ့ဘူးဆိုလို့ရှိရင်လည်း ယခင်ကလိုမျိုး ဖျက်ဆီးပစ်တာမျိုးမဟုတ်ဘူးဆိုရင်တောင်မှ ငွေစက္ကူအတုဆိုတဲ့စာသားကို ထင်ထင်ရှားရှားရိုက်နှိပ်ပြီးတော့သော်လည်းကောင်း၊ ပြန်လည်ပေးအပ်နိုင်တဲ့အစီအစဉ်ရှိ/မရှိဆိုတာကို တစ်ဆက်တစ်စပ်တည်း မေးမြန်းလိုတာပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ဝေတဲ့ ညွှန်ကြားချက်မှာတော့ အတုကိုတွေ့ရှိလို့ရှိရင် ဘဏ်တွေကနေပြီးတော့ နီးစပ်ရာရဲစခန်းမှာ ဆက်လက်စုံစမ်းစစ်ဆေးဖို့အတွက် ပို့အပ်ရမယ်လို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်မှာလည်း ကျွန်တော်တို့က အတုကိုတွေ့ရှိတဲ့၊ အတုကိုလာအပ်တဲ့လူရဲ့အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ ဒီဟာအပြည့်အစုံတွေကို ဖော်ပြပြီးတော့ နီးစပ်ရာရဲစခန်းကို အပ်နှံရမှာဖြစ်ပါတယ်။ အဲဒီအခါမှာ အတုအပ်နှံတဲ့လူအပါအဝင် အတုလက်ခံတဲ့ Casher၊ ဘဏ်တာဝန်ခံများက လက်မှတ်ရေးထိုးထားတဲ့မှတ်တမ်းများနဲ့အတူ ရဲစခန်းကိုအပ်နှံရမှာဖြစ်တဲ့အတွက် တကယ်အတုလာအပ်တဲ့ပုဂ္ဂိုလ်ကိုလည်း ဒီမှတ်တမ်းကို ပေးအပ်မှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဟာကတော့ မှတ်တမ်းအနေနဲ့ကတော့ ကျွန်တော်တို့က အတုကိုလာအပ်တဲ့အခါမှာ ရဲစခန်းကို အပ်နှံပြီဆိုလို့ရှိရင်လည်း မှတ်တမ်းမှတ်ရာနဲ့မပါဘဲနဲ့ အပ်နှံလို့မရပါဘူး။ ဒီမှတ်တမ်းမှတ်ရာကိုလည်း ဆက်လက်စုံစမ်းဖို့အတွက် အတုလာအပ်တဲ့လူကိုလည်း ကျွန်တော်တို့က မှတ်တမ်းမှတ်ရာပေးမှာဖြစ်ပါတယ်။ ကျွန်တော်ဖြေကြားချက်မှာတော့ ဒီဟာတွေက အသေးစိတ်ဖြစ်တဲ့အတွက် ဖြေကြားခြင်းမရှိပါဘူး။ သို့သော် ညွှန်ကြားချက်အရဆိုလို့ရှိရင် ဘဏ်တွေက ဒီအတိုင်းပဲ ဆောင်ရွက်ရမှာဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဥပဒေတစ်ခုဆိုတာ တောတစ်ခုကိုကြည့်သလိုပဲ သစ်ပင်တစ်ပင်ချင်းကိုကြည့်ရသလို တောအုပ်တစ်ခုလုံးလည်းကြည့်ရတယ်။ ဥပဒေတစ်ခုကို ပြဋ္ဌာန်းတဲ့အခါမှာ ကိုယ်လိုချင်တဲ့ဆန္ဒတစ်ခုတည်းအတွက် ပြဋ္ဌာန်းလို့မရပါဘူး။ ဥပမာ - ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်က ထုတ်တဲ့တရားဝင်ငွေစက္ကူတွေကို တာဝန်ယူတယ်ဆိုရင် တရားဝင်ဟာကိုပဲ တာဝန်ယူလို့ရမယ်။ တရားမဝင်တာတွေပါ လိုက်ပြီးတာဝန်ယူမယ်ဆိုရင် ကိုယ်ဆိုလိုချင်တာကတော့ လက်လုပ်လက်စား စားဝတ်နေရေးပြေလည်ဖို့ ဒုက္ခရောက်တဲ့သူတွေအတွက်ဆိုလိုချင်တာ သို့သော် အဲဒီတရား

မဝင်တဲ့ ငွေကြေးတွေပါလိုက်ပြီးတော့ ခုနလို နစ်နာကြေးပြန်ပြီးဖလှယ်ပေးဖို့ တာဝန်ယူရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ငွေကြေးစီးဆင်းမှုယန္တရား လည်ပတ်မှုဘယ်လိုဖြစ်သွားမလဲ။ ဒါစဉ်းစားရမှာပါ။

နောက်တစ်ချက်က ခုနက ဥပဒေအရ ဒီလိုငွေစက္ကူအတုကို ဘယ်သူလက်ဝယ်ပဲမိမိ နောက်တော့ရှင်းပေါ့။ ရိုးရိုးသားသားလား။ ဘယ်ကထွက်သလဲ။ ဘယ်လားရာလဲ။ ဘယ်ဆိုင်ကရလဲ။ ဘယ်ကုမ္ပဏီကလဲ စသည်ဖြင့် ဒါနောက်တော့ရှင်းမှာပဲ။ ဒါပေမဲ့ ဥပဒေအရ ဒါက သက်သေခံပစ္စည်း အဖြစ်နဲ့သိမ်းရမှာ၊ သက်ဆိုင်ရာပို့ရမယ်။ အဲဒီသက်သေခံပစ္စည်းအဖြစ်နဲ့သိမ်းမယ့် ငွေစက္ကူအတုကို တံဆိပ်တစ်ခုခုရိုက်ပြီးတော့ မူလလူပြန်ပေးလိုက်ဆိုတော့ သက်သေခံပစ္စည်းတရားစွဲမရအောင် ဖျောက်ခိုင်းသလိုဖြစ်နေတယ်။ အမှုတောင်တင်လို့မရဘူး။ အဲဒီတော့ ဥပဒေဆိုတာလည်း ပြဋ္ဌာန်း ထားတာ ငွေစက္ကူအတုလုပ်တဲ့လူတွေအတွက်ကတော့ အလကားဖြစ်သွားပြီ။ အဲဒါကြောင့် ကျွန်တော်တို့က ကြည့်တဲ့အခါမှာ ဥပဒေဆိုတာ တရားမျှတတဲ့၊ မှန်ကန်တဲ့ စည်းမျဉ်း၊ စည်းကမ်းကို ဥပဒေလို့ခေါ်တာ ဒါကြောင့်မို့လို့ ဘယ်ဘက်ပဲဖြစ်ဖြစ် ဟိုးဘက်၊ ဒီဘက် တရားမျှတမှန်ကန်မှု ရှိအောင် ကြည့်ပေးဖို့တော့လိုပါတယ်။ ဒါလေးကိုတော့ ကျွန်တော်တို့အားလုံး သတိပြုဖို့တော့လိုပါ တယ်။ ဒီလို ငွေစက္ကူအတုကို တံဆိပ်ထုတ်ပြီးတော့ အတုမိတဲ့လူသာပြန်ပေးလိုက်မယ်ဆိုရင် အဲဒီ ငွေစက္ကူအတုလုပ်တဲ့ဟာကို တရားစွဲဖို့၊ ဖမ်းဖို့တောင်မှ လုပ်လို့မရတော့ဘူး။ နောက်တစ်ခုက ငွေစက္ကူအတုလက်ဝယ်ရှိလို့ အဲဒါကို နစ်နာကြေး၊ လျော်ကြေးအစားထိုးပေးရမယ်ဆိုရင် ကိုယ်ဆိုလို ချင်တာက တစ်ရွက်၊ နှစ်ရွက်၊ လေး၊ ငါး၊ ၁၀ ရွက် အတုလုပ်တဲ့အဲဒီဌာနကြီးပါ အိတ်ကြီးနဲ့သယ်လာ ပြီးတော့ အစားထိုးပေးရမလိုဖြစ်တယ်။ အဲဒီလို အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စဉ်းစားတဲ့ အခါမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရယ်၊ ခုနက ဗဟိုဘဏ်ရဲ့ စည်းမျဉ်း၊ စည်းကမ်းဥပဒေရယ် နောက်တစ်ခုက ငွေစက္ကူအတုလုပ်တဲ့လုပ်ငန်းနဲ့ ဒါက ရာဇသတ်ကြီးမှာကိုလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးတွေနဲ့ ချိန်ထိုးပြီးတော့ စဉ်းစားပေးဖို့တော့လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မည့် အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေသော ဒီမိုကရေစီနည်းမကျသည့် အမိန့်ညွှန်ကြားစာတို့ကို ပြန်လည်ရုပ်သိမ်းရန် အစီအစဉ်ရှိ/မရှိ၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်၊ မသန်စွမ်းသူများအား အလုပ်ခန့်ထားပေးသည့် ကုမ္ပဏီများကို အခွန်လျှော့ပေါ့ထမ်းဆောင်စေခြင်းအတွက် အစီအစဉ်ရှိ/မရှိ၊ ကုမ္ပဏီကြီးများတွင် မသန်စွမ်းသူအလုပ်သမားများ အနည်းဆုံးမည်ရွေ့မည်မျှခန့်ထားပေးရန် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ မသန်စွမ်းမှုရှိသောနိုင်ငံသားများရဲ့ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး မေးခွန်းမေးမြန်းသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးဖြစ်ပါတယ်ရှင်။ မေးခွန်း(၁)က မသန်စွမ်းမှုရှိသောနိုင်ငံသားများ အလုပ်အကိုင်ရရှိစေမည့်အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေသည့် ၂၀၁၅ ခုနှစ် ပြဋ္ဌာန်းထားသော တည်ဆဲ မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့် ကုလသမဂ္ဂမသန်စွမ်းသူများအခွင့်အရေး သဘောတူစာချုပ်တို့နှင့် ဆန့်ကျင်နေသော ဒီမိုကရေစီနည်းမကျသည့် အမိန့်၊ ညွှန်ကြားစာတို့ကို ပြန်လည်ရုပ်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေရဲ့ ၄.၆ ရာခိုင်နှုန်းက မသန်စွမ်းဖြစ်နေရပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၁၁ ခုနှစ် ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံလူဦးရေ ခုနှစ်သန်းခန့်မှာ တစ်နည်းမဟုတ်တစ်နည်းနဲ့ မသန်စွမ်းသူများဖြစ်နေတယ်လို့ ဆိုနိုင်ပါတယ်။ မသန်စွမ်းသူလို့ပြောတဲ့နေရာမှာ မပြောပလောက်တဲ့ မသန်စွမ်းဖြစ်ခြင်းမျိုးနဲ့ ပြင်းထန်တဲ့မသန်စွမ်းဖြစ်ခြင်းမျိုးဆိုပြီးတော့မှ ရှိတဲ့နေရာမှာ ခြေပူး၊ လက်ပူးရုံလောက်မျှ အလုပ်လုပ်နိုင်စွမ်းကို မထိခိုက်နိုင်တဲ့အခြေအနေမျိုးကိုပင် အလုပ်ခန့်ထားခြင်းမရှိတာ။ အသက်မွေးဝမ်းကျောင်းပညာတွေ၊ ပညာရေးကောလိပ်တွေမှာ တက်ရောက်ခွင့်ကို ကန့်သတ်တာမျိုးတွေရှိနေပါတယ်။ Wheel Chair အသုံးပြုပြီး သွားရလုပ်ကိုင်ရမယ့်သူတွေအတွက် ဆိုရင် ဘယ်လောက်ခက်ခဲမယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်။ မသန်စွမ်းမှုရှိသော နိုင်ငံသားများရဲ့ အခွင့်အရေးကိုကာကွယ်ရန်အတွက် ကုလသမဂ္ဂသဘောတူစာချုပ်တွေမှာ လက်မှတ်ထိုးခြင်း၊ အလုပ်အကိုင်ခန့်ထားဖို့အတွက် ဥပဒေပြဋ္ဌာန်းပေးတဲ့ အစိုးရကိုယ်တိုင်က ဌာနဆိုင်ရာအလုပ်တွေမှာခန့်ထားခြင်းမရှိဘဲ အလုပ်ခေါ်တဲ့စာတွေမှာ ခွဲခြားနှိမ်ချတဲ့အရေးအသားတွေ၊ မသန်စွမ်းမှုရှိတဲ့နိုင်ငံသားတွေ

အလုပ်လျှောက်ခွင့်ကို ကန့်သတ်ထားမယ်ဆိုတာ ဘယ်လိုမှမဖြစ်သင့်ပါဘူး။ ဒါ့အပြင် ညွှန်ကြားချက်တွေ၊ အမိန့်တွေမှာ ကန့်သတ်ခြင်းမရှိပေမယ့်လည်း အင်တာဗျူးခေါ်တဲ့အခါ၊ လူတွေ့စစ်တဲ့အခါတွေမှာ ခြေပူး၊ လက်ပူးဖြစ်နေရုံနဲ့ မသန်စွမ်းလို့ဆိုပြီး အလုပ်မခန့်တော့တာတွေ၊ နာယကဂုဏ်နဲ့မညီညွတ်လို့ဆိုပြီး ဆရာ၊ ဆရာမအဖြစ်ရွေးချယ်ခြင်းမရှိတာတွေဟာ ကျွန်မတို့ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းမှာ မရှိသင့်တော့ပါဘူး။ ဒီမိုကရေစီစနစ်နဲ့လည်း ဆန့်ကျင်နေပါတယ်။ ခြေတွေ၊ လက်တွေသန်စွမ်းတဲ့သူတွေက နှလုံးသားသန်စွမ်းခြင်းမရှိဘဲ ခွဲခြားဆက်ဆံနေမယ်ဆိုရင် မသန်စွမ်းသူတွေရဲ့ မြန်မာနိုင်ငံမှာရှိတဲ့ ၂.၃ သန်းခန့်ရှိတဲ့ မသန်စွမ်းနိုင်ငံသားတွေအပြင် ဒီမသန်စွမ်းသူတွေရဲ့မိသားစုဝင်တွေကို ဝန်ပိစေမှာမဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံရဲ့ လုပ်အားတွေဆုံးရှုံးရမှာလည်း ဖြစ်ပါတယ်ရှင်။ ဒေသတွင်းနိုင်ငံတွေဖြစ်တဲ့ ဗီယက်နမ်နိုင်ငံမှာ အလုပ်သမား ၃၀ ရာခိုင်နှုန်းခန့်ထားရင် အခွန်ကင်းလွတ်ခွင့်ပေးတဲ့အထိ လုပ်ငန်းရှင်တွေကို မက်လုံးပေးထားတာမျိုးရှိပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာဆိုရင် ဝန်ကြီးဌာနအသုံးစရိတ် ၁ ရာခိုင်နှုန်းကို မသန်စွမ်းတဲ့သက်ကြီးရွယ်အိုတွေအတွက် အသုံးပြုပေးခြင်းကဲ့သို့သော အစီအစဉ်တွေရှိနေတာကို လေ့လာရပါတယ်။ နိုင်ငံတကာကို ကတိကဝတ်ပြုလက်မှတ်ရေးထိုးနေရုံ၊ ဥပဒေတွေပြဌာန်းရုံမဟုတ်ဘဲနဲ့ ကုမ္ပဏီတွေကိုမက်လုံးပေးခြင်း၊ နိုင်ငံတော်ဘတ်ဂျက်တွေမှာသုံးပေးခြင်း၊ မသန်စွမ်းသူများသွားလာနေထိုင်နိုင်ဖို့အတွက် အဆောက်အဦဖန်တီးပေးခြင်း၊ အလုပ်လုပ်နိုင်တဲ့အရည်အချင်းတွေရှိနိုင်ဖို့အတွက်၊ ပညာသင်ဖို့အတွက်ခွင့်ပြုပေးခြင်း၊ သင့်တော်ရာ အသက်မွေးဝမ်းကျောင်းပညာတွေဖန်တီးပေးခြင်းဆိုတာတွေ လိုအပ်မှာဖြစ်တဲ့အတွက် မေးခွန်း(၂) အနေနဲ့ မသန်စွမ်းမှုရှိသောနိုင်ငံသားများ အလုပ်အကိုင်ခန့်ထားရန် မည်သို့စီစဉ်ဆောင်ရွက်ထားသည်ကို မေးမြန်းလိုပါတယ်။ မေးခွန်း(၃)တော့ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများအခွင့်အရေးဥပဒေမှာ ပြဌာန်းထားတဲ့အတိုင်း မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးတဲ့ကုမ္ပဏီတွေကို အခွန်လျှော့ပေါ့ ထမ်းဆောင်စေခြင်းအတွက် အစီအစဉ်တွေကို သိရှိလိုပါတယ်။ ကုမ္ပဏီတွေမည်မျှမှာ မသန်စွမ်းသူ မည်မျှကို အလုပ်ခန့်ထားပေးပါမည်လဲ။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်း(၄)ကတော့ ကုမ္ပဏီကြီးတွေမှာ မသန်စွမ်းအလုပ်သမားများ အနည်းဆုံးမည်၍မည်မျှခန့်ထားပေးရန် သတ်မှတ်ပေးထားပါသလားဆိုတဲ့မေးခွန်းဖြစ်ပါတယ်ရှင်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာရှိတဲ့ ၂.၃ သန်းခန့်ရှိသော မသန်စွမ်းမှုရှိနေသော နိုင်ငံသားများရဲ့ အလုပ်လက်မဲ့နှုန်းကိုလျှော့ချနိုင်ရင် နိုင်ငံရဲ့ဆင်းရဲမွဲတေမှုနှုန်းလည်း လျှော့ချနိုင်ပြီး ၎င်းတို့ရဲ့မိသားစုဝင်များရဲ့ လူမှုဘဝအဆင့်အတန်းလည်း မြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းမှာ ရှုမြင်နေတဲ့ မသန်စွမ်းသူများက ဝင်ငွေမရှာနိုင်တဲ့သူ၊ ဝန်ထုပ်ဝန်ပိုးဖြစ်စေ

သူဆိုတဲ့ အမြင်တွေကိုပြောင်းလဲပြီး နိုင်ငံတော်ရဲ့လူ့စွမ်းအားအရင်းအမြစ်နဲ့ ကုန်ထုတ်စွမ်းအားတွေကို တိုးတက်လာနိုင်စေရန်အတွက် မသန်စွမ်းမှုရှိသောနိုင်ငံသားများကို အလုပ်ခန့်ထားပေးရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုးရဲ့ မသန်စွမ်းများနဲ့ပတ်သက်တဲ့မေးခွန်းဟာ ကျွန်တော်တို့ အစိုးရအနေနဲ့ မသန်စွမ်းရဲ့အခွင့်အရေးများကိုဖော်ဆောင်ဖို့ အဘက်ဘက်ကနေပြီးတော့ စည်းရုံးဆောင်ရွက်နေတဲ့ကာလနဲ့တိုက်ဆိုင်တဲ့အတွက်ကြောင့် အလွန်သင့်လျော်တဲ့မေးခွန်းလို့ ကျွန်တော့်အနေနဲ့ ဖော်ပြလိုပါတယ်။ မေးခွန်းများနဲ့ပတ်သက်ပြီးတော့ ပထမမေးခွန်းဖြစ်တဲ့ မသန်စွမ်းများ အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်နေတဲ့ ဒီမိုကရေစီနည်းလမ်းမကျတဲ့ အမိန့်ညွှန်ကြားစာတွေကို ပြန်လည်ရုပ်သိမ်းဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တစ်ခုတည်းအနေနဲ့တော့ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် အဟန့်အတားဖြစ်စေတဲ့ ဒီမိုကရေစီနည်းလမ်းမကျတဲ့ အမိန့်ညွှန်ကြားစာများ ထုတ်ပြန်ထားခြင်းမရှိပါဘူး။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနရဲ့လုပ်ငန်းသဘောသဘာဝအရ ကာယဖြင့်လုပ်ရသောလုပ်ငန်းများပါဝင်ပြီး တောတွင်းလုပ်ငန်းများဖြစ်သော ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ သစ်တောပြုပြင်ထိန်းသိမ်းခြင်း၊ ကွင်းသင်းသတ်ခြင်း၊ ပင်ထောင်ရိုက်ခြင်းစသည့်လုပ်ငန်းများကို ရာသီမရွေးတာဝန်

ထမ်းဆောင်ရတဲ့အတွက် သစ်တောဦးစီးဌာနရဲ့ အလုပ်စတင်ခန့်ထားတဲ့ အရည်အချင်းသတ်မှတ်ချက်မှာတော့ သီးခြားအမိန့်ညွှန်ကြားစာအဖြစ် ထုတ်ပြန်ထားခြင်းမရှိပေမဲ့ ကိုယ်လက်အင်္ဂါကျန်းမာသန်စွမ်းရမယ်လို့ပါရှိကြောင်း ရှင်းလင်းတင်ပြထားတာ တွေ့ရပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့တော့ မသန်စွမ်းလို့ဆိုတဲ့နေရာမှာ မသန်စွမ်းဖြစ်ရတဲ့အခြေအနေ၊ မသန်စွမ်းဖြစ်ရတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်း၊ ရုပ်ပိုင်းဆိုင်ရာမသန်စွမ်းခြင်း၊ ဉာဏ်ရည်မပြည့်မီခြင်း အစရှိသဖြင့် အခြေအနေအမျိုးမျိုးရှိနိုင်ကြောင်း လုပ်ငန်းလည်ပတ်မှုမှာ နှောင့်နှေးစေခြင်း၊ ကြန့်ကြာစေခြင်း၊ အဟန့်အတားဖြစ်စေခြင်းစတဲ့ အခက်အခဲများရှိနိုင်ပြီး မသန်စွမ်းသူများ ရရှိတတ်ကျွမ်းထားတဲ့ အသိပညာ၊ အတတ်ပညာများမှာလည်း လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီမှုရှိရန်လည်းလိုအပ်ကြောင်း ဖော်ပြထားပြီးတော့ မသန်စွမ်းအခြေအနေအဆင့်ပေါ်မူတည်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စဖြစ်တယ်လို့ ရှင်းလင်းထားတာကို တွေ့ရပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ၂၀၁၅ ခုနှစ် မသန်စွမ်းသူများရဲ့ အခွင့်အရေးများဆိုင်ရာ နည်းဥပဒေမူကြမ်း အတည်ပြုပြဋ္ဌာန်းပြီးပါက မသန်စွမ်းသူများရဲ့ အခွင့်အလမ်းဥပဒေနှင့် ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးသဘောတူစာချုပ်တို့နှင့် ဆန့်ကျင်နေတဲ့ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိစေနိုင်မယ့် အခွင့်အလမ်းအတွက် အဟန့်အတားဖြစ်စေတဲ့ ဒီမိုကရေစီနည်းလမ်းမကျတဲ့ ပညာရေးဝန်ကြီးဌာနရဲ့ထုတ်ပြန်ထားတဲ့ အမိန့်ကြော်ငြာစာများကို ပြန်လည်စိစစ်ပြီး ရုပ်သိမ်းရန်လိုပါကရုပ်သိမ်းရန်နှင့် ပြင်ဆင်ဖြေလျှော့ရန်လိုပါကဖြေလျှော့ရန် စီစဉ်ဆောင်ရွက်သွားမယ်လို့ ရှင်းလင်းတင်ပြထားတာကိုတွေ့ရတာဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရန် စီစဉ်ဆောင်ရွက်ထားရှိမှုနဲ့ပတ်သက်ပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ဦးစီးဌာနများမှာ ဝန်ထမ်းများခန့်အပ်တဲ့နေရာမှာ မသန်စွမ်းသူများကို ထည့်သွင်းစဉ်းစားခန့်အပ်ပေးလျက်ရှိတဲ့အပြင် တပ်မတော်မှ မသန်စွမ်းအရာရှိကြီးများကို နယ်ဘက်ဝန်ကြီးဌာနများမှာ အလုပ်အကိုင် နေရာချထားပေးနိုင်ရေး ကာကွယ်ရေးဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်လာလို့ရှိရင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရဲ့ သဘောတူညီချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသဘောတူညီချက်များနှင့် ဝန်ကြီးဌာနမှ လွှဲပြောင်းခန့်ထားပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ဝန်ကြီးရုံးမှာ မသန်စွမ်းသူ သုံးဦး၊ လူမှုဝန်ထမ်းဦးစီးဌာနမှာ မသန်စွမ်းသူ ၅၉ ဦးနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှာ မသန်စွမ်း

**မူကြမ်း**

သူနှစ်ဦး၊ စုစုပေါင်းမသန်စွမ်းသူ ၆၄ ဦးကို သူတို့နှင့်သင့်တော်တဲ့ ရာထူးဌာနတွေမှာ ခန့်အပ်ထားရှိတဲ့ အပြင် အခြားဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှာလည်း မသန်စွမ်းသူများ အလုပ်ခန့်ထား နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့အပြင် ဦးစီးဌာနလက်အောက်မှာရှိတဲ့ မသန်စွမ်းမှုအလိုက်ဖွင့်လှစ်ထားရှိတဲ့ သင်တန်းကျောင်းတွေမှာလည်း အသက်မွေးဝမ်းကျောင်း သင်တန်းများ သင်ကြားပေးလျက်ရှိပါတယ်။ အမြင်အာရုံမသန်စွမ်းသူတွေအတွက် အကြောပြင်အနှိပ် ပညာရပ်၊ ကြိမ်ထိုး၊ ဂီတပညာရပ်များကိုလည်းကောင်း၊ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ကွန်ပျူတာ၊ ခါတ်ပုံ၊ ဆံသ၊ ပိုးဇာပုံနှိပ်၊ အီလက်ထရောနစ်၊ အပ်ချုပ်စက်သင်တန်းများကိုလည်း ကောင်း၊ အကြားအာရုံမသန်စွမ်းသူများအတွက် စက်ချုပ်၊ ဇာထိုး၊ ပန်းထိုးပညာရပ်များကိုလည်း ကောင်း၊ ဉာဏ်ရည်မသန်စွမ်းသူများအတွက် အချက်အပြုတ်၊ မုန့်လုပ်နည်း၊ လက်မှုပညာသင်တန်း များကိုလည်းကောင်း သင်ကြားပို့ချပေးလျက်ရှိပါတယ်။ သက်ဆိုင်ရာသင်တန်းများအောင်မြင် ပြီးမြောက်ပါက အခြားဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများမှာ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးနှင့် လိုအပ်တဲ့ကျွမ်းကျင်မှုအရည်အချင်းတွေ ထပ်မံလေ့ကျင့်သင်ကြားပေးဖို့ကို မသန်စွမ်းအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဝန်ကြီးဌာနများအနေနဲ့ မသန်စွမ်းသူတွေအတွက် သူတို့ရဲ့စွမ်းဆောင်နိုင်မှုနှင့်ကိုက်ညီသည့် သက်မွေးပညာရပ်များ သင်ကြားပေးနိုင်ရန် စီစဉ်ထားပြီး အသက်မွေးဝမ်းကြောင်းမှုနှင့် အလုပ်အကိုင် ရရှိရေးအတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ မသန်စွမ်းသူများ အခွင့်အရေးဥပဒေ အခန်း(၁၀) ပုဒ်မ ၃၅ နှင့် ၃၆ တို့အရလည်းကောင်း၊ နည်းဥပဒေထွက်ရှိပါက အဆိုပါနည်းဥပဒေတွင်ပြဋ္ဌာန်းထားသည့် ဝေပုံကျနှုန်းထား(ရာခိုင်နှုန်း)ဖြင့် မသန်စွမ်းသူအမျိုးအစား၊ အလုပ်အကိုင်သဘာဝနှင့် လိုအပ်ချက် စံနှုန်းများအရ ခန့်ထားဖို့ စီစဉ်ဆောင်ရွက်သွားမယ်လို့ သိရပါတယ်။ လက်ရှိအနေနဲ့ ပညာရေးဝန်ကြီး ဌာနမှ သင်ကြားရေးဝန်ထမ်း ဆရာ/ဆရာမများနှင့် သင်ကြားရေးမဟုတ်တဲ့ဝန်ထမ်းများခန့်အပ်ရာမှာ မူလသတ်မှတ်ချက်၊ စံနှုန်းများထက်ဖြေလျှော့၍ ခန့်ထားပေးလျက်ရှိတယ်လို့ ရှင်းပြထားပါတယ်။ မသန်စွမ်းသူတွေအတွက် ၎င်းတို့ရဲ့စွမ်းဆောင်မှုနဲ့ကိုက်ညီတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးဖို့ စီစဉ်ထားပြီး အသက်မွေးဝမ်းကြောင်းမှုနှင့် အလုပ်အကိုင်ရရှိဖို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီးတော့ ဝန်ထမ်းများ

ခန့်ထားရာမှာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေပါ သတ်မှတ်ချက်များအတိုင်း ရွေးချယ်ခန့်ထား ဆောင်ရွက်လျက်ရှိတယ်လို့ ရှင်းလင်းတင်ပြထားတာတွေ့ရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့တော့ မသန်စွမ်းသူများမှ အလုပ်လျှောက်လာတဲ့အခါမှာ လုပ်ငန်းသဘာဝပေါ်မူတည်ပြီး နိုင်ငံဝန်ထမ်းဥပဒေလုပ်ထုံးလုပ်နည်းအရ စိစစ်ရွေးချယ်ခန့်ထားပေး လျက်ရှိပြီး အားကစားထူးချွန်သည့် မသန်စွမ်းအားကစားသမားများအား လုပ်ငန်းသဘာဝနှင့်ကိုက်ညီ မှုရှိတဲ့နေရာများမှာ ဘဝနောင်ရေး ရေရှည်အာမခံချက်ရရှိဖို့အတွက် သင့်လျော်တဲ့ရာထူးများပေးအပ် ကာ နှစ်စဉ်နှစ်တိုင်း ခန့်အပ်ပေးလျက်ရှိပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် အခြားဝန်ကြီး ဌာနများမှာလည်း တာဝန်ထမ်းဆောင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ဆေးအဆင့်နိမ့်ကာ မသန်စွမ်း ဖြစ်သွားတဲ့ဝန်ထမ်းများကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်မှု ကို လက်ခံကာ သင့်တော်တဲ့လုပ်ငန်းတာဝန်များကို ပေးအပ်ထမ်းဆောင်စေလျက်ရှိပါတယ်။ ဝန်ကြီးဌာနများလက်အောက်မှာရှိတဲ့ ဦးစီးဌာနတွေဟာ လုပ်ငန်းများမှာ လုပ်ငန်းသဘောသဘာဝပေါ် မူတည်၍ မသန်စွမ်းပြည်သူများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ လွှဲပြောင်းပေးအပ်သော ပင်စင်စား မသန်စွမ်းတပ်မတော်သားတွေကိုလည်း သူတို့ရဲ့စွမ်းဆောင်ရည်အလိုက် ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ခန့်အပ်တာဝန်ပေးလျက်ရှိပါတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေနဲ့လည်း ဝန်ကြီးရုံးနှင့် ဦးစီးဌာန များမှာ စုစုပေါင်းမသန်စွမ်းသူ ၂၆ ဦးအား ခန့်ထားပေးပြီးဖြစ်ပါတယ်။ မသန်စွမ်းသူများအလုပ်အကိုင် ရရှိရန် သတ်မှတ်ချက်နှင့်ကိုက်ညီရင် လျှောက်ထားလာပါက အလုပ်အကိုင်ရရှိရေး စဉ်းစားပေး ဆောင်ရွက်လျက်ရှိတယ်လို့ ရှင်းလင်းတင်ပြထားပါတယ်။ စက်မှုဝန်ကြီးဌာနအနေနဲ့တော့ ဝန်ကြီးဌာန ကြီးကြပ်မှုအောက်မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေမှာ စက်ကိရိယာများနဲ့လုပ်ကိုင်ဆောင်ရွက်ရတဲ့ အတွက် မသန်းစွမ်းသူများခန့်ထားရန် သင့်လျော်မှုမရှိတဲ့အတွက်ကြောင့် ခန့်ထားခြင်းမရှိပေမယ့် မသန်စွမ်းသူများရဲ့အခွင့်အရေးဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ(က)အရ မသန်စွမ်းသူများအား အလုပ်လုပ်နိုင် တဲ့ စွမ်းရည်အလိုက် သင့်လျော်တဲ့အလုပ်တွေမှာ အမျိုးသားကော်မတီက သတ်မှတ်ပေးတဲ့ ဝေပုံကျ နှုန်းထားအတိုင်း ခန့်ထားပေးဖို့ စီစဉ်လျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးဌာနမှာရှိတဲ့ ဝန်ထမ်းများမှ မကွေးတိုင်းဒေသကြီးမှာ မသန်စွမ်းသူ ၉၀ ဦးကို လူသုံးကုန် ပစ္စည်းထုတ်လုပ်မှုနှင့် သစ်သီးဝလံအခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာမျှဝေခြင်း သင်တန်း တွေ ဆောင်ရွက်ပေးခြင်းဖြင့် ပညာရပ်များ တတ်မြောက်စေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့တော့ မသန်စွမ်းဝန်ထမ်းများအတွက် အခြားအရာ

ထမ်း၊ အမှုထမ်းများနည်းတူ သွားလာရေးလွယ်ကူအဆင်ပြေစေဖို့ ဆောင်ရွက်ပေးလျက်ရှိပြီးတော့ အခုနေပြည်တော်မှာရှိတဲ့ ဟိုတယ်နှင့်ခရီးသွားလာရေးဌာနမှာလည်း မသန်စွမ်းအရာထမ်း၊ အမှုထမ်းများနှင့် ကျန်းမာရေးချို့တဲ့သူများအတွက် ဓာတ်လှေကားစီမံတပ်ဆင်ထားပေးပါတယ်။ ဟိုတယ်နှင့်ခရီးသွားကဏ္ဍရှိ ပုဂ္ဂလိကဟိုတယ်အချို့မှာ မသန်စွမ်းသူတွေကို အစားအစာ ပြင်ဆင်ချက်ပြုတ်တဲ့ဌာနများနှင့် ပန်းဥယျာဉ်ဌာနများမှာ ခန့်ထားပေးလျက်ရှိပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မသန်စွမ်းသူများ အလုပ်ခန့်ထားပေးတဲ့ကုမ္ပဏီတွေကို အခွန်လျှော့ပေါ့ထမ်းဆောင်စေခြင်းအတွက် အစီအစဉ်ရှိ/မရှိမေးခွန်းနဲ့ပတ်သက်ပြီးတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မသန်စွမ်းသူတွေကို အလုပ်ခန့်ထားပေးတဲ့ကုမ္ပဏီတွေကို အခွန်လျှော့ပေါ့ထမ်းဆောင်စေခြင်းနဲ့ပတ်သက်ပြီးတော့ မသန်စွမ်းသူများအခွင့်အရေးဥပဒေ(၂၀၁၅ ခုနှစ်) အခန်း(၁၀) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)မှာ မသန်စွမ်းသူများကို အလုပ်အကိုင်ခန့်ထားပေးသောအဖွဲ့အစည်းများ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များသည် သတ်မှတ်ထားသော ဝေပုံကျနှုန်းထားအရေအတွက်ထက်ပို၍ မသန်စွမ်းသူများကို အလုပ်ခန့်ထားပေးပါက ပို၍ခန့်ထားသော မသန်စွမ်းသူဦးရေအလိုက် အခွန်လျှော့ပေါ့ခွင့် ရရှိစေရန်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပြီး ပုဒ်မ ၃၆ မှာ အလုပ်အကိုင်ခန့်ထားရေးနှင့်ပတ်သက်၍ ဖော်ပြထားတဲ့အတွက်ကြောင့် ဥပဒေပါအတိုင်းလိုက်နာဆောင်ရွက်ဖို့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကုမ္ပဏီတွေကို အခွန်လျှော့ပေါ့ထမ်းဆောင်စေခြင်းဟာ လုပ်ငန်းအပေါ်မှာမူတည်ပြီး ခန့်ထားတဲ့ မသန်စွမ်းမှုအခြေအနေအပေါ်မူတည်ပြီး စဉ်းစားပြီး မည်သည့်အခွန်အမျိုးအစားကို လျှော့ပေါ့ပေးရမည်ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးဦးစီးဌာနအနေနဲ့ မသန်စွမ်းသူတွေအတွက် ပြည်ပမှ လှူဒါန်းထောက်ပံ့သည့် အထောက်အကူပြုပစ္စည်းကိရိယာများ၊ လေ့ကျင့်သင်ကြားရေးပစ္စည်းကိရိယာများ၊ ဆေးဝါးများ၊ ဆေးကုသရေးကိရိယာများ တင်သွင်းခွင့်ကို အခွန်အခကင်းလွတ်ခွင့်ဖြင့် ပါမစ်များ ထုတ်ပြန်ခွင့်ပြုပေးလျက်ရှိရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မသန်စွမ်းသူတွေအသုံးပြုဖို့အတွက် အမေရိကန်ဒေါ်လာ ၀.၂၆၇ သန်းတန်ဖိုးရှိ Wheelchair ၁၅၀၃ စီးကို တင်သွင်းခွင့်ပြုခဲ့ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့လည်း အခွန်သက်သာခွင့်များကို ဆောင်ရွက်တဲ့နေရာမှာ မသန်စွမ်းသူများရဲ့အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းပြီးပါက ဆောင်ရွက်

ပါမယ်လို့ ဖြေကြားထားပါတယ်။ အဲဒီတော့ မေးခွန်း(၄)ဖြစ်တဲ့ ကုမ္ပဏီများရဲ့မသန်စွမ်းအနည်းဆုံး မည်မျှခန့်ထားပေးမည်နှင့်ပတ်သက်ပြီးတော့ မသန်စွမ်းများနှင့်ပတ်သက်ပြီးတော့ ကော်မတီ ပေါ်ပေါက်လာတဲ့အခါမှာ ကော်မတီ နည်းဥပဒေပေါ်ပေါက်လာတဲ့အခါမှာ နည်းဥပဒေတွေထဲမှာ ထည့်သွင်းထားတာရှိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြချင်တာကတော့ မသန်စွမ်းများ နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မှာ မသန်စွမ်းဥပဒေပေါ်ပေါက်ပါပြီ။ အခုနည်းဥပဒေ ပေါ်ပေါက်ဖို့ အတွက် မကြာခင်ပေါ်ပေါက်မှာဖြစ်ပါတယ်။ အဲဒီမှာ မသန်စွမ်းဥပဒေနှင့်နည်းဥပဒေပေါ်ပေါက်ပြီးရင် မသန်စွမ်းသူများရဲ့အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ ကော်မတီဖွဲ့စည်းဖို့ တင်ပြထားပြီးဖြစ်ပါတယ်။ ဒီကော်မတီဖွဲ့စည်းဖို့အတွက် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကို တင်ပြထားပြီးဖြစ်တဲ့အတွက်ကြောင့် မကြာမီ ကော်မတီဖွဲ့စည်းတည်ဆောက်မှုပြီးစီးမှာဖြစ်ပါတယ်။ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီဖွဲ့စည်းပြီးရင် လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများကိုလည်း မကြာခင်လပိုင်း အတွင်းမှာ ပေါ်ပေါက်လာမှာဖြစ်တဲ့အတွက်ကြောင့် အဲဒီအခါမှာ မသန်စွမ်းသူများရဲ့အခွင့်အရေးတွေ ကို အပြည့်အဝဆောင်ရွက်ပေးမှာဖြစ်ပါတယ်ဆိုတဲ့အကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီးမေးမြန်း ချက်များအပြင် အခြားအခွင့်အရေးများကိုလည်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ ပြည့်ပြည့်ဝဝ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်ပေါင်း ၃၃၀ လုံးတွင် ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှုများပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်မကတော့ ရန်ကင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဇင်မာအောင် ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူမှုဝန်ထမ်းလုပ်ငန်းတွေကို

ဆောင်ရွက်ပေးတဲ့နေရာမှာ ပြည်သူလူထုကို ထိထိရောက်ရောက်နဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် မြို့နယ်အဆင့်ရုံးခွဲတွေကို အခြေပြုပြီးတော့ ဆောင်ရွက်သွားနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်မမှာ မေးမြန်းရတဲ့ကြောင်းအရင်းတချို့ရှိပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုဖို့ တောင်းခံအပ်ပါတယ်။ ပထမအကြောင်းအရင်းကတော့ ဝန်ကြီးဌာနများရဲ့လုပ်ငန်းဆောင်တာများ ပဲဖြစ်ပါတယ်။ ဒီ Power Point မှာလေ့လာကြည့်တဲ့အခါမှာ ဝန်ကြီးဌာနကဆောင်ရွက်ပေးနေရတဲ့ ကလေးသူငယ်ကနေပြီးတော့စလို့ အမျိုးသမီးစောင့်ရှောက်ရေးပါမယ်။ သက်ကြီးရွယ်အို စောင့်ရှောက်ရေး လုပ်ငန်းပါတယ်။ မသန်စွမ်းသူများပြန်လည်ထူထောင်ရေးလုပ်ငန်းပါမယ်။ မူးယစ်ဆေးဖြတ်ပြီးတဲ့သူတွေ၊ ပြန်လည်ထူထောင်မယ့်လုပ်ငန်းတွေ၊ လူကုန်ကူးခံရတဲ့သူတွေ ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဖြစ်တဲ့ Social Production တွေအပြင် အခြားနိုင်ငံတကာမှာ မြန်မာနိုင်ငံကနေပြီးတော့ သဘောတူလက်ခံထားတဲ့ ကုလသမဂ္ဂ ကွန်ဗင်းရှင်းတွေနဲ့ပတ်သက်လို့ ပြည်သူလူထုရဲ့အခွင့်အရေးတွေကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ကိစ္စတွေမှာလည်း ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်နေရတာဖြစ်ပါတယ်။ ဒါ့အပြင် ဒီ Slide မှာမပါတဲ့ ရေဘေး၊ မီးဘေးအပါအဝင် မမျှော်မှန်းနိုင်တဲ့သဘာဝဘေးအန္တရာယ်တွေနဲ့ပတ်သက်ပြီးတော့ ထိခိုက်ခံစားရတဲ့အခါမျိုးမှာလည်း ဝန်ကြီးဌာနအနေနဲ့ Focal Ministry အဖြစ်နဲ့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ ဘတ်ဂျက်အနေအထားကတော့ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်ထက်က စာလို့ရှိရင် ၂၀၁၇-၂၀၁၈ ခုနှစ်မှာပိုမိုသုံးစွဲထားတာတွေ့ရသလို တခြား Social Protection ရဲ့ Program အဖြစ်အနေနဲ့ ရခိုင်ပြည်နယ်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာလည်း ကိုယ်ဝန်ဆောင်မိခင်နဲ့အသက်နှစ်နှစ်အောက်ကလေးသူငယ်တွေအတွက် ငွေကြေးအထောက်အပံ့ လျာထားမယ့်အစီအစဉ်တွေအတွက်လည်း ငွေကြေးပိုမိုသုံးစွဲထားတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။

ဒုတိယမေးခွန်းမေးရတဲ့အကြောင်းအရင်းကတော့ ဒီလောက်များပြား ကျယ်ပြန့်လှတဲ့ ဝန်ဆောင်မှုတွေကို ပေးနေရတဲ့ဝန်ကြီးဌာနတစ်ခုအနေနဲ့ မြို့နယ်တွေကို အခြေပြုပြီးတော့ ရုံးခွဲတွေရှိနေသင့်တယ်လို့ ကျွန်မအနေနဲ့ယူဆလို့မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်မ Power Point မှာပြထားတဲ့ ဝန်ဆောင်မှုတွေအပြင် တခြားဝန်ဆောင်မှုတွေလည်း ပေးရပါတယ်။ ဥပမာဆိုလို့ ရှိရင် ခုနက အမျိုးသမီးတွေနဲ့ပတ်သက်တဲ့ဝန်ဆောင်မှုပါ။ အမျိုးသမီးစောင့်ရှောက်ရေးနဲ့ပတ်သက်ပြီး တော့ သက်ငယ်မုဒိမ်းမှုတွေအပါအဝင် အိမ်တွင်းအကြမ်းဖက်မှု၊ ကာမလိမ်လည်မှု အစရှိတဲ့ဖြစ်ရပ်တွေဖြစ်ပေါ်မှုအပေါ်မှာ အခြေခံပါတယ်။ တချို့တိုင်းဒေသကြီးမှာရှိနေတဲ့လွှတ်တော်ကိုယ်စားလှယ်

တွေအနေနဲ့ မကြာခဏဆိုသလို ဒီလိုကိစ္စတွေပေါ်မှာ ကျွန်မတို့ဆီကို ဖုန်းဆက်ပြီးတော့ပဲဖြစ်ဖြစ်၊ အလုပ်ရုံဆွေးနွေးပွဲတွေမှာ တွေ့တဲ့အခါမှာပဲဖြစ်ဖြစ် ဒီပြဿနာတွေကိုပြောလေ့ရှိတယ်။ အဲဒီအခါမျိုး မှာ သူတို့အတွက်က ကျူးလွန်တဲ့သူတွေဟာ လူ့အဖွဲ့အစည်းထဲမှာ အတော်အတန်ဩဇာရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်နေတာနဲ့အတွက်ကြောင့်မို့လို့လဲ သူတို့မှာ ဥပဒေကြောင်းအရ အထောက်အပံ့လိုအပ် သလို တရားမျှတမှုအတွက် အမှုရင်ဆိုင်နေရစဉ်ကာလမှာ လူမှုပတ်ဝန်းကျင်ရဲ့နှုန်းစံတန်ဖိုးတွေအရ ဖိအားတွေခံစားရတဲ့အခါမျိုးမှာ ဒီ Victim တွေဟာ ဖိအားတွေကိုကျော်လွှားဖို့၊ လူ့အဖွဲ့အစည်းထဲကို ပြန်လည် ဝင်ဆံ့နိုင်ဖို့ လိုပါတယ်။ တကယ်လို့များ သူတို့ဒေသမှာသာ ဒီလူမှုဝန်ထမ်းကနေပြီးတော့ ရုံးခွဲများဖွင့်ပြီးတော့ Counselling လိုဟာမျိုးတွေ လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင် ဒီ Victim တွေအနေနဲ့ လူ့အသိုင်းအဝိုင်းထဲကို ပြန်လည်ဝင်ဆံ့ဖို့ တော်တော်ကိုအဆင်ပြေမယ်ဖြစ်တယ်ဆိုတဲ့အကြောင်း လည်း မကြာခဏဖော်ပြလေ့ရှိကြပါတယ်။ အဲဒီလို Case တွေဟာ ဒီလူမှုဝန်ထမ်းရုံးခွဲရှိတဲ့မြို့နယ်မှာပဲ မုဒိမ်းမှုကျူးလွန်မယ်။ ဒီလိုကိစ္စတွေဖြစ်မယ်။ သဘာဝဘေးအန္တရာယ်တွေဖြစ်မယ်လို့ ကြိုတွက်ဆထား လို့မရပါဘူး။ မျှော်မှန်းလို့မရတဲ့နေရာတွေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒ့ါအပြင်ကိုလည်း ဒီဘက်နှစ်ပိုင်းမှာလည်း အသက်(၉၀)နှင့်အထက် သက်ကြီးရွယ်အိုတွေကို လူမှုရေးပင်စင်ထောက်ပံ့ တဲ့အစီအစဉ်ကိုလည်း တစ်ပြည်လုံးအတိုင်းအတာနဲ့ဆောင်ရွက်နေတာကို တွေ့ရပါတယ်။

လေ့လာကြည့်သလောက်က ရုံးချုပ်ရှိမယ်။ နေပြည်တော်ကောင်စီရှိမယ်။ ခရိုင်ရုံးတွေရှိမယ်။ ဒါပေမဲ့ ကျွန်မ မြို့နယ်ဘယ်နှစ်ရုံးမှာ၊ မြို့နယ်ဘယ်နှစ်ခုမှာရုံးခွဲပေါင်း ဘယ်လောက်ဖွင့်ပြီးတော့ ဝန်ဆောင်မှုပေးနေတယ်ဆိုတာကို ကျွန်မရှာဖွေလို့မရဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိ အနေနဲ့၊ ဝန်ကြီးဌာနအနေနဲ့ ဘယ်မြို့နယ်တွေမှာ မြို့နယ်ပေါင်းဘယ်လောက်နဲ့ဝန်ဆောင်မှုပေးနေလဲ ဆိုတာကိုလည်း သိချင်ပါတယ်။ ဒုတိယအနေနဲ့ကတော့ ဘဏ္ဍာရေးနှစ်အလိုက် အချိန်ကာလသတ်မှတ် ပြီးတော့ မြို့နယ်အဆင့်လူမှုဝန်ထမ်းရုံးခွဲများကို မြို့နယ်တိုင်းမှာဖွင့်လှစ်နိုင်ရေးအတွက် ရည်မှန်းချက် ထားပြီးတော့ ဆောင်ရွက်သွားရန်အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြား ရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြတ်အေး(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မာအောင်ရဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ရှိတဲ့ မြို့နယ်ပေါင်း ၃၃၀ လုံးမှာ ရုံးခွဲများဖွင့်လှစ်၍ ဝန်ဆောင်မှုများပေးရန် အစီအစဉ်ရှိ/မရှိနှင့်လက်ရှိ မြို့နယ်ပေါင်း မည်မျှတွင် မြို့နယ်ရုံးခွဲများဖွင့်လှစ်၍ မည်ကဲ့သို့သော ဝန်ဆောင်မှုများပေးနေ သည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လက်ရှိဖွဲ့စည်းပုံဟာ လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ၁၅ ရုံး၊ ခရိုင်ရုံး ၁၂ ရုံးနဲ့ မြို့နယ်ရုံးလုံးဝမရှိပါ။ မူလတန်းကြိုကျောင်း ၉၉ ကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်း၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း ၁၂ ခု၊ လူငယ်သင်တန်းကျောင်း ၁၀ ကျောင်း၊ အမျိုးသမီးကျောင်း ၁၂ ကျောင်း၊ မသန်စွမ်းကျောင်းရှစ်ကျောင်း၊ ကလေးပြုစုရေးဌာနခုနစ်ခု၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း တစ်ကျောင်း၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနတစ်ခု၊ ဘိုးဘွားများ နေ့ပိုင်းပြုစုစောင့်ရှောက်ရေးဌာနတစ်ခုတို့ဖြင့် လက်ရှိ အရာထမ်း ၂၀၃ ဦး၊ အမှုထမ်း ၁၉၈၉ ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနဟာ လက်ရှိမှာ ဦးစီးဌာနရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး ၁၅ ရုံး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းတစ်ကျောင်း၊ ခရိုင်ဦးစီးမှူးရုံး ၂၈ ရုံး၊ မြို့နယ်ဦးစီးမှူးရုံး တစ်ရုံးတို့ဖွင့်လှစ်ကာ စုစုပေါင်းဝန်ထမ်းအင်အား ၆၀၂ ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှာ မြို့နယ်ရုံးလုံးဝမရှိပါဘူး။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှာ တစ်ရုံးပဲရှိပြီးတော့ အခုကျွန်တော်တို့နောက်ထပ်မြို့နယ်ရုံး ငါးရုံးဆက်လက်ပြီးတော့ ဖွင့်လှစ်ဆောင်ရွက်နေတာရှိပါတယ်။ ဒါကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ မိုင်းဖြတ်၊ ပဲခူးတိုင်းဒေသကြီးမှာ ရွှေကျင်၊ ရခိုင်ပြည်နယ်မှာ မြေပုံ၊ ဧရာဝတီတိုင်းဒေသကြီးမှာ ကျုံပျော်နှင့် မွန်ပြည်နယ်မှာ

ရေးမြို့နယ်တို့ဖြစ်ပါတယ်။ ဒါကလွဲပြီးတော့ မြို့နယ်ရုံးလုံးဝမရှိပါဘူး။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာ မြို့နယ်ပေါင်း ၃၃၀ မှာ ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံတိုးချဲ့ တင်ပြထားတဲ့နေရာမှာ လူမှုဝန်ထမ်းဦးစီးဌာနမှာ နှစ်အလိုက်တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခရိုင်ရုံး ၆၂ ရုံး၊ မြို့နယ်ရုံး ၃၃၀ နှင့် မြို့နယ် စံပြမူလတန်းကြိုကျောင်း ၂၅၅ ကျောင်း စုစုပေါင်း ဝန်ထမ်းအင်အား ၉၄၁၉ ဦးဖြင့်လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန တွင် နှစ်အလိုက်တိုးချဲ့ပြီးတော့ ခရိုင်ဦးစီးမှူးရုံး ၃၁ ရုံးနှင့် မြို့နယ်ဦးစီးမှူးရုံး ၃၂၅ ရုံး ထပ်မံတိုးချဲ့ ထားတဲ့ စုစုပေါင်းဝန်ထမ်းအင်အား ၆၉၉၅ ဦးနဲ့ဖွဲ့စည်းတိုးချဲ့ရန်လည်းကောင်း၊ ဒီကိစ္စနှင့်ပတ်သက်ပြီး တော့ ၂၀၁၇ ခုနှစ်၊ မေလ ၂၂ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ (၂/၂၀၁၇)ကြိမ်မြောက် စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေး အဖွဲ့အစည်းအဝေးကို တင်ပြထားပြီးဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက ထောက်ခံ ချက်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ သဘောထားပြန်ကြားချက်ရရှိပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြထားရှိပါတယ်။ ကျွန်တော်တို့ ဒါကြောင့်မို့လို့ နှစ်အလိုက်တိုးချဲ့ သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီးတော့ လူသားအားလုံးအကျုံးဝင်တဲ့ သာတူညီမျှမှုရှိပြီးတော့ ရေရှည်တည်တံ့တဲ့ လူမှုကာကွယ်ရေးစနစ်နဲ့ ပြည်သူတွေရဲ့လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ဖို့ ဆောင်ရွက်ရန်နှင့် ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝအန္တရာယ်များမှ ခံနိုင်ရည်ရှိတဲ့ မြန်မာနိုင်ငံဖြစ်လာဖို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ အခြေခံလူ့အခွင့်အရေး၊ ဒီမိုကရေစီစံနှုန်းများ နှင့်ညီညွတ်သော လူ့ဂုဏ်သိက္ခာအပြည့်အဝရှိတဲ့ လူမှုအသိုင်းအဝိုင်းတစ်ရပ်ဖော်ဆောင်ရန်နှင့် အထောက်အကူဖြစ်စေရေးအတွက်ကို အားလုံးအကျုံးဝင်ပြီး ရေရှည်တည်တံ့မှုရှိတဲ့ လူမှုကာကွယ် စောင့်ရှောက်ရေးနည်းလမ်းတွေနဲ့ ပြည်သူလူထုလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက် သွားမှာဖြစ်သလို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ ချမှတ်တဲ့နေရာ မှာလည်း ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းရှိတဲ့ လူမှုအသိုင်းအဝိုင်း ဖြစ်ပေါ်စေ ရေးနဲ့ ဘေးဒဏ်ခံစားရတဲ့ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့လူနေမှုဘဝရရှိစေရေးအတွက်ကို ပြည်သူလူထု၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနဲ့ ပွင့်လင်းမြင်သာ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပြည့်မီစေဖို့အတွက် ဦးတည် ဆောင်ရွက်ရေး မူဝါဒများချမှတ်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးလည်း ခုနက တင်ပြသွားပါတယ်။

**မူကြမ်း**

ကျွန်တော်တို့ဝန်ကြီးဌာနအနေနှင့် ဝန်ဆောင်မှုအပိုင်းတွေလုပ်ဆောင်တဲ့နေရာမှာ မူဝါဒ၊ ဥပဒေရေးဆွဲရပါတယ်။ ဥပဒေနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရပါတယ်။ ကုလသမဂ္ဂ ကွန်ဗင်းရှင်းပါ ကလေးသူငယ်အခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေး ဒါတွေကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရပါတယ်။ ပြည်သူတွေရဲ့ လူမှုရေးဒုက္ခတွေကို ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အစိုးရအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ လူ့ဘဝတစ်လျှောက်လုံး အလွန်အရေးပါတဲ့ ရှေးဦးအရွယ် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်ပျိုးထောင်ခြင်း၊ ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ ကလေးသူငယ်များ၊ မသန်စွမ်းများ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများအတွက် သင်တန်းကျောင်းဂေဟာများဖွင့်လှစ် ဆောင်ရွက်ရပါတယ်။ ဒါ့အပြင်ကို စေတနာ့ဝန်ထမ်းပရဟိတဂေဟာတွေ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများကိုလည်း အသိအမှတ်ပြုပြီးတော့ နည်းပညာနှင့်ငွေကြေးထောက်ပံ့ပေးခြင်းများကို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံအနေနဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒလုပ်ငန်းစဉ်ရှစ်ရပ်မှာ လုပ်ငန်းစဉ်နှစ်ရပ်ဖြစ်တဲ့ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားတဲ့ ကလေးအသက်နှစ်နှစ်ပြည့်သည်အထိ အဟာရပြည့်ဝရေး၊ ငွေကြေးအကူအညီထောက်ပံ့ရေးကိုလည်း ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေမှာ ရက်(၁၀၀၀)စီမံချက်၊ ကလေးတစ်ယောက်ရဲ့ ရက်(၁၀၀၀) ဖွံ့ဖြိုးရေးကို စီမံချက်တစ်ရပ်အနေနဲ့၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အသက်(၉၀) နှစ်အထက် သက်ကြီးရွယ်အိုဘိုးဘွားများအတွက် သက်ကြီးပင်စင် ထောက်ပံ့ဖို့ကိစ္စကိုလည်း ယခုနှစ် ဘဏ္ဍာရေးနှစ်ကစပြီးတော့ စတင်ဆောင်ရွက် လူမှုကိစ္စရပ်များကို ချက်ချင်းဖြေရှင်းနိုင်ဖို့အတွက် Help Line ဖုန်းတွေကို ၂၄ နာရီ ဖွင့်လှစ်ပြီး တော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ လည်း မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဘေးသင့်ပြည်သူများရဲ့ လတ်တလောစားဝတ်နေရေး အရေးပေါ် လိုအပ်တဲ့ကိစ္စ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ သေဆုံးသူထောက်ပံ့ခြင်း၊ ဒဏ်ရာရသူထောက်ပံ့ခြင်းများကို လက်ဝယ်အမြန်ဆုံးရောက်ရှိရေးနဲ့ နိုင်ငံတော်ဘဏ္ဍာငွေအလေအလွင့်မရှိရေးတို့အတွက် ဘေးသင့်ဒေသအရောက် သွားရောက်ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိတဲ့အပြင် ဘေးသင့်ပြည်သူများ

အတွက် ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဘေးကင်းလုံခြုံတဲ့ မြန်မာနိုင်ငံဖြစ်စေဖို့အတွက် သဘာဝဘေးဒဏ်မှကြံ့ကြံ့ခံနိုင်တဲ့ လူအဖွဲ့အစည်း ဖြစ်ပေါ်ဖို့အတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းတွေ၊ အသိပညာ ဟောပြော ပွဲတွေ၊ ဇာတ်တိုက်လေ့ကျင့်မှုတွေကို သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက် နေသလို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့လည်း Hot Line ဖုန်းများကို ၂၄ နာရီဖွင့်လှစ်ပြီးတော့ ဆောင်ရွက်နေပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ကျွန်တော်တို့ ရဲ့ဆောင်ရွက်နေတဲ့ လူမှုရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စွာဆောင်ရွက်ဖို့အတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ပါ သဘာဝလျော့ပါးရေးဆိုင်ရာလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့နဲ့ ကမ္ဘာလုံးဆိုင်ရာမူဘောင်ဖြစ်တဲ့ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်ပါလုပ်ငန်းစဉ်များကိုလည်း အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့လက်ရှိဖွဲ့စည်းပုံကို နှစ်စဉ်တိုးချဲ့ဖွင့်လှစ်ပြီးတော့ ဝန်ထမ်းအင်အား တိုးမြှင့်လာတာနှင့်အတူ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ(Participatory Reforms in the Budget Process)ကို ဆောင်ရွက်နေသည့်အခြေအနေနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုကြီး(ချောက်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီး ဖြစ်ပါတယ်။ ဘတ်ဂျက်လုပ်ငန်းစဉ်များအားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ (Participatory Reforms in the Budget Process) ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိလိုကြောင်း ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းခြင်း

ဖြစ်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်ကာလအတွင်းတွင် ယခင်စနစ်ဟောင်းများအတိုင်း ဘတ်ဂျက်လုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းပြုမည့်အစား ပြောင်းလဲချိန်တန်ပြီဖြစ်သဖြင့် ဘတ်ဂျက်လုပ်ငန်းစဉ်များတွင် အားလုံးပါဝင်ခွင့်ရစေမည့် ပြုပြင်ပြောင်းလဲမှုများ အမြန်ဆုံးဆောင်ရွက်ရန်လိုအပ်ပါတယ်။ ဘတ်ဂျက်လုပ်ငန်းစဉ်ကို ပိုမိုခိုင်မာစေရန် အားလုံးပါဝင်မှုရှိသော All Inclusive နည်းစနစ်ကို အသုံးပြုခြင်းသည် ဒီမိုကရေစီဖော်ဆောင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းတို့၏ ဆုံမှတ်တွင်ရှိသော မူဝါဒပြောင်းလဲရေးနည်းလမ်းတစ်ခုဖြစ်ပါတယ်။ အစိုးရဌာနဆိုင်ရာအရာရှိများက အစဉ်အလာသဖွယ်လုပ်ဆောင်ခဲ့တဲ့ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ရှေ့လာမည့်နှစ်များ၌ နိုင်ငံသားများနှင့်အရပ်ဘက်အဖွဲ့အစည်းတို့ တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်းအားဖြင့် ပြုပြင်ပြောင်းလဲမှုများကိုအောင်မြင်စေနိုင်ပါတယ်။ အုပ်ချုပ်မှုအဆင့်တိုင်းအတွက် အစိုးရ၏ဆုံးဖြတ်ချက်များ ပုံဖော်ခွင့်အခွင့်အလမ်းများကို ပွင့်လင်းမြင်သာစွာ လူထုနဲ့ညှိနှိုင်းရပါမယ်။

သို့မှသာ အစိုးရအပေါ် ယုံကြည်မှုတိုးစေခြင်း၊ အရပ်ဘက်အသိုင်းအဝိုင်းကို အားကောင်းစေခြင်းနှင့် ပြည်သူများမှ တိုင်းရေးပြည်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မည့်အလေ့အထကိုပြန်လည်နိုးကြားလာစေခြင်းတို့ကိုဖြစ်ပေါ်စေပြီး ၎င်းအချက်အားလုံးဟာ ဒီမိုကရေစီဖော်ဆောင်မှုတွင် မရှိမဖြစ်လိုအပ်ပါတယ်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားပေးရုံသာမကဘဲ Institutionalize ဖွံ့ဖြိုးမှုများကိုပါ လွှမ်းမိုးဖြစ်ပေါ်စေပါတယ်။ အားလုံးပါဝင်ခွင့်ရစေတဲ့ ဘတ်ဂျက်လုပ်ငန်းစဉ်ဟာ တာဝန်ယူမှုစနစ်သစ်များဖြင့် အစိုးရ Institution များကို အားကောင်းစေရန်၊ လက်ရှိဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးလုပ်ငန်းစဉ်ကို လွယ်ကူချောမွေ့စေရန်၊ အမှန်တကယ်လိုအပ်တဲ့ စီမံကိန်းများသို့ အစိုးရရန်ပုံငွေများ တိုက်ရိုက်ရောက်ရှိအောင် စွမ်းဆောင်နိုင်ပါတယ်။ ရေရှည်တည်တံ့ပြီး အားလုံးအတွက် သာတူညီမျှအခွင့်အရေးရရှိစေသော စီးပွားရေးဖွံ့ဖြိုးမှုအပေါ်အားပေးမြှင့်တင်ရန် အဆိုပါ Institution ဆိုင်ရာ ပြောင်းလဲမှုများမရှိမဖြစ်လိုအပ်ပါတယ်။ အားလုံးပါဝင်ခွင့်ရစေမည့် ဘတ်ဂျက်လုပ်ငန်းစဉ်ဆိုသည်မှာ အများပိုင်အရင်းအမြစ်များကို ခွဲဝေခြင်းနှင့်ပတ်သက်၍ နိုင်ငံသားများကပါဝင်၍ ညှိနှိုင်းဆောင်ရွက်ပြီး ဆုံးဖြတ်ချက်ချမှတ်သည့်လုပ်ငန်းစဉ်ဟုကမ္ဘာ့ဘဏ်က အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဘတ်ဂျက်ရေးဆွဲရာတွင် ချက်ချင်းစဉ်းစားသင့်တဲ့ကနဦးပြောင်းလဲမှုနှစ်ခုလိုအပ်ပါတယ်။ ပထမဦးဆုံး အစိုးရအနေဖြင့် ဘတ်ဂျက်အကြိုထုတ်ပြန်ချက် (Pre-Budget Statement-PBS)ကို ဘဏ္ဍာနှစ်မစတင်မီ အနည်းဆုံးလေးလ ကြိုတင်ထုတ်ပြန်သင့်ပါတယ်။ အဲဒီအပေါ်မှာ ပြည်သူများမှ ပြန်လာတဲ့အမြင်တွေကိုရယူနိုင်ရန် အစိုးရ၏ဘတ်ဂျက်

အဆိုပြုမှုမစတင်မီ တစ်လကြိုတင်ပြီးထုတ်ပြန်သင့်ပါတယ်။ မြန်မာနိုင်ငံ PBS အဖြစ်ထုတ်ပြန်ချက်ကို ရေးသားခဲ့တဲ့ အတွေ့အကြုံရှိပြီးသားဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအဆင့်ဘတ်ဂျက် လုပ်ငန်းစဉ်မှာ အများပြည်သူများပါဝင်မှုအတွက် မြှင့်တင်ပေးရန် သေးငယ်သောခြေလှမ်းအနည်းငယ် လှမ်းရုံပဲ ကျန်ပါတော့တယ်။

ဒုတိယအချက်အနေနဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ လွှတ်တော်နှစ်ရပ်၏ ပြည်သူ့ငွေစာရင်းဆိုင်ရာကော်မတီအဖွဲ့များနှင့်အတူတကွ လုပ်ကိုင်ခြင်းဖြင့် ကနဦးပြောင်းလဲမှုများ ဖြစ်ပေါ်စေပြီး ပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုမဟာဗျူဟာများကို ဆွေးနွေးမှုဆက်လက်လုပ်ပေးနိုင်မည့် သက်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းများပါဝင်သော အဖွဲ့များဖွဲ့ပြီး ညှိနှိုင်းပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့် ဘတ်ဂျက်ရေးဆွဲသင့်ပါတယ်။ ရငွေပိုင်းမှာ အမှန်တကယ်ရရှိမည့်အခွန်များအခြေအနေကို လည်းကောင်း၊ ငွေလုံးငွေရင်းနှင့်သာမန်အသုံးစရိတ်များ အမှန်တကယ်ဖြစ်စေရန်ကိုလည်းကောင်း၊ ရပ်ကွက်/ကျေးရွာပြည်သူများ မျက်မြင်ကိုယ်တွေ့ဖြစ်ပါတယ်။ ဥပမာ- စက်ရုံ၊ အလုပ်ရုံတွေ၊ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ၊ အထူးကုဆေးရုံတွေ၊ ရုပ်ရှင်အနုပညာသည်တွေ အခွန်ပေးဆောင်ဖို့အခြေအနေတွေ၊ လမ်း၊ တံတားများအမှန်လိုအပ်မှုအခြေအနေတွေ၊ ပိုလျှံနေတဲ့ ဝန်ထမ်းအခြေအနေတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ရငွေသုံးငွေများကို မြို့နယ်အလိုက်များတွင် အဖွဲ့များဖွဲ့စည်းညှိနှိုင်း၍ စာရင်းများပြုစုရေးဆွဲတင်ပြရပြီး တိုင်းဒေသကြီး/ပြည်နယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့များမှ စာရင်းများစိစစ်ပြုစုရေးဆွဲသည့် ဘတ်ဂျက်လုပ်ငန်းစဉ်များကို လုပ်ကိုင်ဆောင်ရွက်သင့်ပါတယ်။

သို့ပါ၍ ဘတ်ဂျက်ရေးဆွဲရာတွင် Top Down၊ Bottom Up၊ Cycle System စသည်ဖြင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကာလအတွင်းမှာ ဘတ်ဂျက်လုပ်ငန်းစဉ်တွင် အားလုံးပါဝင်ခွင့်ရရှိမယ့် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သည့်အခြေအနေနဲ့ ၎င်းပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော

ဉ္စသည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘိုကြီးရဲ့ ဘတ်ဂျက်လုပ်ငန်းစဉ်မှာ အားလုံးပါဝင်ခွင့်ရစေမယ့် ပြုပြင်ပြောင်းလဲမှုများ(Participatory Reforms in the Budget Process)ကို ဆောင်ရွက်နေသည့် အခြေအနေနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းနဲ့ ပတ်သက်တဲ့ မေးမြန်းချက်ကို ပြန်လည်ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။

နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲတဲ့နေရာမှာ နိုင်ငံတော်က ဘဏ္ဍာရေးမူဝါဒများဖြစ်တဲ့ အခွန်မူဝါဒနှင့်အသုံးစရိတ်မူဝါဒများအပေါ်မှာ အခြေခံပြီးတော့ ရေးဆွဲပါတယ်။ ယခင်က သမားရိုးကျနှစ်စဉ်တိုးမြှင့်လျာထားခဲ့တဲ့ပုံစံကို ကျင့်သုံးခဲ့ရာကနေပြီးတော့ ယခုအခါမှာတော့ ကမ္ဘာ့နိုင်ငံအများစုမှာ ကျင့်သုံးနေကြပြီဖြစ်တဲ့ မူဝါဒကိုအခြေခံတဲ့ဘတ်ဂျက်ရေးဆွဲခြင်း(Policy based Budgeting)စနစ်ကိုကျင့်သုံးပြီးတော့ နှစ်လတ်ဘဏ္ဍာရေးမူဘောင်(Medium Term Fiscal Framework)ကိုလည်း စနစ်တကျတည်ဆောက်ပြီးတော့ ကျွန်တော်တို့ ရေးဆွဲလျက်ရှိပါတယ်။ ဘတ်ဂျက်ရဲ့လိုငွေကိုဂျီဒီပီရဲ့ ၅ ရာခိုင်နှုန်းထက်ကျော်လွန်မှုမရှိစေအောင် ထိန်းသိမ်းပြီးတော့ ပြည်ပအကူအညီရငွေနဲ့ ပြည်ပချေးငွေတို့မပါဝင်တဲ့ သာမန်အသုံးစရိတ်ဘောင်များနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ဘောင်များကို ပြည်ထောင်စုဝန်ကြီးဌာနအလိုက်ကို ကြိုတင်သတ်မှတ်ပေးပြီးတော့မှ အဆိုပါဘောင်များအတွင်းကနေ ရေးဆွဲတင်ပြစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သာမန်အသုံးစရိတ်ဆိုတာကတော့ အစိုးရဌာန၊ အဖွဲ့အစည်းအသီးသီးက လုပ်ငန်းများဆောင်ရွက်ကြတဲ့နေရာမှာ နှစ်စဉ်ကုန်ကျရတဲ့ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အသုံးစရိတ်များဖြစ်ပါတယ်။ ၎င်းအသုံးစရိတ်များထဲမှာ လစာစရိတ်ချီးမြှင့်ငွေ၊ ခရီးသွားလာစရိတ်၊ ပစ္စည်းများဝယ်ယူခြင်း၊ ဆောင်ရွက်ပေးခြင်းတို့အတွက် ကုန်ကျစရိတ်နှင့် လုပ်အားခ၊ ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ပညာရေးနှင့်လူမှုရေးအသုံးစရိတ်၊ ဉ္စခံကျွေးမွေးစရိတ်နှင့် သီးသန့်အသုံးစရိတ်တို့ ပါဝင်ကြပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ထဲမှာတော့ ကုန်ပစ္စည်းထွက်လာဖို့အတွက်ကိုလုပ်အားနဲ့ဆောင်ရွက်ပေးမှု၊ ပိုမိုဖြစ်မြောက်စေဖို့အတွက် လုပ်ငန်းစီမံကိန်းများ ချမှတ်ပြီးတော့ ငွေပင်ငွေရင်းမြှုပ်ပြီးလုပ်ကိုင်ရတဲ့ တည်ဆောက်ရေးကုန်ကျစရိတ်တွေ၊ လက်ရှိရှိပြီးသား မတည်ပစ္စည်း၊ လမ်း၊ အဆောက်အဦ၊ ဆည်မြောင်းစသည်တို့ကို တိုးတက်ကောင်းမွန်လာစေဖို့ ထပ်လောင်းဖြည့်စွက်ပြီးတော့ ပြုပြင်မွမ်းမံတဲ့ ကုန်ကျစရိတ်များတွေ၊ ရုံးသုံးစက်ကိရိယာ၊

ရုံးသုံး ပရိဘောဂ၊ ရုံးသုံးယာဉ်များဝယ်ယူခြင်းတို့အတွက် အသုံးစရိတ်များဖြစ်ပါတယ်။ ကြွေးမြီ အသုံးစရိတ်ဆိုတာကတော့ ပြည်တွင်းပြည်ပကနေရယူထားသော ကြွေးမြီများကို ပြန်လည်ပေးဆပ်တဲ့ အသုံးစရိတ်များနဲ့ အဖွဲ့အစည်းများမှာ ရင်းနှီးငွေတို့ဖြစ်ပါတယ်။ ဒါကြောင့်မိုလို့ သာမန်နဲ့ကြွေးမြီ အသုံးစရိတ်များကတော့ သက်ဆိုင်ရာဌာနတွေက ယခင်နှစ်မူလခန့်မှန်းခြေ၊ ပြုပြင်ပြီး ခန့်မှန်းခြေ၊ အမှန်စာရင်းတွေအပေါ်မှာ အခြေခံပြီးတော့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားတဲ့ အသုံးစရိတ်ဘောင်အတွင်းကနေ ရေးဆွဲခြင်းဖြစ်တဲ့အတွက်ကြောင့် အားလုံးပါဝင် ရေးဆွဲရန် မလိုအပ်တဲ့ သဘောသဘာဝရှိတဲ့အသုံးစရိတ်များသာ ဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်ကတော့ တည်ဆောက်ရေး၊ ဝယ်ယူရေးစတဲ့အသုံးစရိတ်များဖြစ်ပြီးတော့ စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်ရတဲ့ စရိတ်များဖြစ်တဲ့အတွက်ကြောင့် အားလုံးပါဝင်ရေးဆွဲနိုင်အောင် ဖော်ဆောင်ပေးသင့်တဲ့အသုံးစရိတ် များဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဘတ်ဂျက်ရေးဆွဲတဲ့နေရာမှာ စီမံကိန်းရေးဆွဲခြင်းနှင့်ဆက်စပ်ပြီးတော့ ဆောင်ရွက်ရတဲ့ အတွက်ကြောင့် စီမံကိန်းရေးဆွဲမှုကို ကျွန်တော်ဆက်လက်တင်ပြပါမယ်။ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ပွင့်လင်းမြင်သာပြီးတော့ လူထုပါဝင်မှုတိုးမြှင့်ပေးရန်နှင့် ဒေသခံပြည်သူများက တင်ပြဆွေးနွေး ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မယ့် အချက်အလက်များကို ပြည်သူတွေသိရှိနားလည်စေရန်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများကို နိုင်ငံတော်သမ္မတ ရုံးရဲ့ ၅-၅-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၃/၂၀၁၆)နဲ့ ဖွဲ့စည်း ထားရှိပြီး ဖြစ်ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေး ကော်မတီများအနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသအတွင်းနေထိုင် ကြတဲ့ ပြည်သူများရဲ့ လူမှုစီးပွားရေးတိုးတက်ရေး၊ ဒေသရဲ့လိုအပ်ချက်နဲ့ကိုက်ညီတဲ့ စီမံကိန်းများ ဖြစ်ရေးတို့အတွက်ကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုများကို အကြိမ်ကြိမ်ဆောင်ရွက်ပြီး အဆင့်ဆင့် တင်ပြစေမှာဖြစ်ပါတယ်။ ထို့အပြင် မြို့နယ်များမှာရှိတဲ့ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများမှာလည်း ဒေသခံမြို့မိမြို့ဖများကို ဥက္ကဋ္ဌအဖြစ်တာဝန် ပေးအပ်ပြီးတော့ ဖွဲ့စည်းထားတဲ့အတွက်ကြောင့် စီမံကိန်းရေးဆွဲတဲ့နေရာမှာ မိမိတို့ဒေသရဲ့ လိုအပ်ချက်များ၊ လိုလားချက်များကို ယခုအခါမှာထုတ်ဖော်ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။ စီမံကိန်းတွေ ရေးဆွဲတဲ့အခါမှာ ဒေသခံပြည်သူများပါဝင်ရေးဆွဲနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီများ ဖွဲ့စည်းထားရှိပြီး ၎င်းတို့ရဲ့လုပ်ငန်း

တာဝန်များကိုလည်း သတ်မှတ်ပေးထားပြီး ဖြစ်ပါတယ်။ နယ်မြေဒေသအလိုက် ပြည်သူ့ကိုယ်စားလှယ်များဖြစ်တဲ့ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုလည်းပဲ စီမံကိန်းကော်မတီအစည်းအဝေးများမှာ ဖိတ်ကြားပြီးဆောင်ရွက်ကြဖို့ ညွှန်ကြားထားရှိပါတယ်။ ယင်းသို့ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ၊ ဒေသန္တရစီမံကိန်းများရေးဆွဲရာမှာ အားလုံးပါဝင်နိုင်ရန် စီစဉ် ဆောင်ရွက်ပေးခြင်းအားဖြင့် ဘတ်ဂျက်လုပ်ငန်းစဉ်မှာ အားလုံးပါဝင်ခွင့်ရရှိစေဖို့ ဆောင်ရွက်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဘတ်ဂျက်ပွင့်လင်းမြင်သာမှုနဲ့ ပတ်သတ်ပြီး အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ အပြည်ပြည်ဆိုင်ရာ ဘတ်ဂျက်မိတ်ဖက်အဖွဲ့အစည်း(International Budget Partnership-IBP)ဟာ နိုင်ငံတကာမှာ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို တိုင်းတာသတ်မှတ်တဲ့နေရာမှာ ဘတ်ဂျက်စာစောင်ရှစ်စောင်ကို နှစ်နှစ်ကို (၁)ကြိမ် Survey လုပ်ပြီးတော့ တိုင်းတာပါတယ်။ ဒီစာစောတွေကတော့ ဘတ်ဂျက်မရေးဆွဲမီဖော်ပြချက်၊ အစိုးရအဖွဲ့ကတင်ပြတဲ့ ဘတ်ဂျက်အဆိုပြုလွှာ၊ ဥပဒေပြဋ္ဌာန်းတဲ့ဘတ်ဂျက်၊ နိုင်ငံသားများအတွက် ဘတ်ဂျက်၊ နှစ်အတွင်းအစီရင်ခံစာ၊ နှစ်လယ်သုံးသပ်ချက်အစီရင်ခံစာ၊ နှစ်ကုန်အစီရင်ခံစာ၊ စာရင်းစစ်အစီရင်ခံစာတို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ Open Budget Survey ကို ၂၀၁၂ ခုနှစ်မှာပါဝင်ခဲ့ပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို အလေးထားပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကစ နှစ်စဉ် နိုင်ငံသားများအတွက် ဘတ်ဂျက် (Citizen’ Budget)စာစောင်ကို စတင်ထုတ်ဝေခဲ့ပါတယ်။ ယခုအခါထုတ်ပြန်ရမည့် ဘတ်ဂျက်စာစောင်ရှစ်စောင်အနက် စာစောင်ငါးစောင်ကို ကျွန်တော်တို့ စာစောင်အနေနဲ့ ပုံနှိပ်ထုတ်ဝေခြင်း၊ ဝန်ကြီးဌာနရဲ့အင်တာနက်စာမျက်နှာမှာဖော်ပြခြင်း၊ နိုင်ငံပိုင်သတင်းစာများမှာ ဖော်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကတော့ အစိုးရအဖွဲ့ကတင်ပြတဲ့ ဘတ်ဂျက်အဆိုပြုလွှာ၊ ဥပဒေပြဋ္ဌာန်းတဲ့ဘတ်ဂျက်၊ နိုင်ငံသားများအတွက်ဘတ်ဂျက်၊ နှစ်အတွင်းအစီရင်ခံစာနှင့် နှစ်ကုန်အစီရင်ခံစာတို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ နှစ်စဉ်ဘတ်ဂျက်ပွင့်လင်းမြင်သာမှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပွင့်လင်းမြင်သာမှုရှိလာအောင် အလေးထားဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ International Budget Partnetship- IBP ကနေပြီးတော့

၂၀၁၇ ခုနှစ်အတွက် Open Budget Survey-OBS ဆန်းစစ်မှုများကို ကောက်ယူနေပြီဖြစ်ပါတယ်။ Open Budget Survey-OBS ဆန်းစစ်ချက်အရ ၂၀၁၂ ခုနှစ်တုန်းက မြန်မာနိုင်ငံရဲ့ရလဒ်ဟာ သုညဖြစ်ခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာတော့ နှစ်မှတ်ရရှိခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွက် စစ်တမ်းကောက်ယူမှုအဖြေထွက်လာတဲ့အခါမှာတော့ ကျွန်တော်တို့ရဲ့ရမှတ်ဟာ တိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။ ကျန်ဘတ်ဂျက်စာစောင်များကိုလည်းပဲ အများပြည်သူကို ချပြထုတ်ပြန်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ယခုအခါမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စုရဲ့အရအသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာကိစ္စရပ်တွေ၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုလွှတ်တော်ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီအသီးသီးတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ လက်ရှိရေးဆွဲနေတဲ့ဘတ်ဂျက်များဟာ နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ Top Down ပုံစံဖြင့် ချမှတ်ပေးမှုကို အောက်ခြေကလိုအပ်ချက်များကို ပြန်လည်တင်ပြလာတဲ့ Bottom Up ပုံစံဖြင့်ပေါင်းစပ်ပြီးတော့ ရေးဆွဲထားတဲ့ဘတ်ဂျက်များဖြစ်ပါကြောင်းနှင့် ဘတ်ဂျက်ပွင့်လင်းမြင်သာမှု၊ စီမံကိန်းများရေးဆွဲရာမှာ ပြည်သူများပါဝင်ရေးဆွဲနိုင်ရေးတို့ကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီက အစီရင်ခံစာကိုတင်ပြဖို့ ဖြစ်ပါတယ်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို(အဖွဲ့ဝင်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ရဲ့ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော်က တင်သွင်းသွားမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ

**နိဒါန်း**

ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (ဂ) နှင့်အညီ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ ကို အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။

**ရည်ရွယ်ချက်**

နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများထံမှ ရောက်ရှိတင်ပြစာများအပေါ် အဖြစ်မှန်များပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါတယ်။

နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် အစားထိုးပြင်ဆင်ဖွဲ့စည်းရာမှ ယခုအခါ အဖွဲ့ဝင် ၁၇ ဦးဖြင့် လေ့လာသူ နှစ်ဦး စုစုပေါင်း ၁၉ ဦးရှိပြီ ဖြစ်ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကော်မတီရဲ့အစီရင်ခံစာကို ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသော အားဖြင့် ကော်မတီ၏ဆောင်ရွက်ချက်များမှ ပြန်လည်ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏ဆောင်ရွက်ချက်များ**

ကော်မတီ၏ ရည်ရွယ်ချက်ပါအတိုင်း ရောက်ရှိလာသော တင်ပြစာများကို စစ်ဆေးဆောင်ရွက် ရာတွင် ပြည်သူတို့၏နစ်နာဆုံးရှုံးမှုများအား ဦးစားပေးအလိုက် လေ့လာစစ်ဆေးမှတ်ချက်ပြုရန် ကော်မတီဝင် ၁၇ ဦးမှ တစ်ဖွဲ့လျှင် ကော်မတီဝင် ငါးဦးနှင့် ကော်မတီဝင် ခြောက်ဦးပါ အဖွဲ့ငယ် သုံးဖွဲ့ ခွဲ၍ ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြစာလက်ခံရရှိမှုအခြေအနေကို တိုင်းဒေသကြီး/ပြည်နယ် အလိုက်ခွဲခြား၍ နောက်ဆက်တွဲ(က)ဖြင့်ဖော်ပြထားပါတယ်။ ကော်မတီသို့ရောက်ရှိလာသော တင်ပြ စာများမှ ပြီးစီးမှုနှင့်ဆောင်ရွက်ဆဲအခြေအနေများကို နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါတယ်။ ကော်မတီရဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၊ ဘတ်ဂျက်ကိစ္စဆွေးနွေးခြင်း၊ ဥပဒေကိစ္စဆွေးနွေးခြင်း၊ ဝန်ကြီးဌာနနှင့်ညှိနှိုင်းဆွေးနွေးခြင်း စုစုပေါင်းဆွေးနွေးမှု ၃၉ ကြိမ်ကို နောက်ဆက်တွဲ(ဂ)ဖြင့် ဖော်ပြ ထားပါတယ်။ ကော်မတီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသား နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန် များအပိုင်းတွင်ပါသော နိုင်ငံသားများ၏ မူလအခွင့်အရေးများဥပဒေနှင့် အညီ ရရှိစေရန်အတွက် ပြည်သူလူထု၏ တိုင်ကြားစာများတွင်သာမက ပုံနှိပ်မီဒီယာများဖြင့်တစ်ဆင့် ကြားသိလျှင်သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြားနာစိစစ်ဆောင်ရွက်ခဲ့တာ တွေ့ရှိပါတယ်။

ကော်မတီဟာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အား စောင့်ကြည့်ထိန်းညှိပေးရမှာ ဖြစ်တဲ့အတွက် ၈-၉-၂၀၁၆ ရက်နေ့မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား တိုင်ကြားစာများနှင့်ပတ်သက်၍လည်းကောင်း၊ ၁၆-၂-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်းကောင်း ဆောင်ရွက်ထားရှိမှုအခြေ အနေများကို တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

**ကော်မတီ၏သုံးသပ်ချက်**

ကော်မတီသည် ကော်မတီလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ အရ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို အောက်ပါအတိုင်းသုံးသပ်ပါ တယ်-

(က) ကော်မတီဝင်များသည် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာ လိုအပ်ချက်များ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လိုအပ်ချက် များကို ပြည်သူ့လွှတ်တော်တွင် တက်ကြွစွာတင်ပြဆွေးနွေးရန်။

(ခ) ပြည်သူတို့၏ တင်ပြစာများအား စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် နှောင့်နှေးမှုမရှိ စေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဖွဲ့အစည်း များမှ ကိုယ်စားပြုဆွေးနွေးဆုံးဖြတ်နိုင်မည့်ပုဂ္ဂိုလ်ကိုယ်တိုင် လာရောက်ညှိနှိုင်း ဆွေးနွေးခြင်းအပြင် ထိုအဖွဲ့အစည်းများမှ ၎င်းတို့၏ဆောင်ရွက်ချက်များကို ကော်မတီသို့ ဆောလျင်စွာပြန်ကြားခြင်းပြုလုပ်ရန်။

(ဂ) နိုင်ငံသားများ၏ မူလအခွင့်အရေးကို ပိုမိုမြှင့်တင်ရန် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ကို နိုင်ငံသားများနှင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင် တာဝန်ရှိသူများမှ ပိုမိုအလေးထား ပူးပေါင်းဆောင်ရွက်ရန်။

(ဃ) နိုင်ငံသားများ၏ မူလအခွင့်အရေးချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လိုအပ်ပါက လေ့လာစုံစမ်းခြင်းကို လွှတ်တော်ဥက္ကဋ္ဌ ၏ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာဒေသသို့ သွားရောက်၍ ဒေသဆိုင်ရာအဖွဲ့အစည်း များနှင့်ပူးပေါင်းဆောင်ရွက်ရန်။

(င) နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို မြှင့်တင်ကာကွယ်ဖြည့်ဆည်းနိုင်ရန် ပြည်တွင်း ဥပဒေများအား အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတကာပဋိညာဉ်များနှင့် နှိုင်းယှဉ် လေ့လာဆန်းစစ်ရန်၊

(စ) ဥပဒေကြမ်းကော်မတီ၏ ဥပဒေဆိုင်ရာအဆိုပြုဆွေးနွေးပွဲများတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ဖိတ်ကြား၍ ပါဝင်ဆွေးနွေးခွင့်ပေးရန်။

**နိဂုံး**

၃၅။ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းအသီးသီးသည် မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ကော်မတီ၏ လုပ်ငန်းများကို အားကြိုးမာန်တက် ပံ့ပိုးကူညီခဲ့ကြပါသည်။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ။ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏**

**နှစ်ပတ်လည်အစီရင်ခံစာ (၁/၂၀၁၇)**

**(၂၆-၂-၂၀၁၆ ရက်နေ့မှ ၂၅-၂-၂၀၁၇ ရက်နေ့အထိ)**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ (ဂ) နှင့်အညီ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးတွင် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆) ဖြင့် ဖွဲ့စည်းခဲ့ပါတယ်။

**ရည်ရွယ်ချက်**

၂။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၈) ပုဒ်မ ၃၄၅ မှ ၃၉၀ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများထံမှ ရောက်ရှိတင်ပြစာများအပေါ် အဖြစ်မှန်များပေါ်ထွက်လာရေးအတွက် ဆောင်ရွက်ရန် ဖြစ်ပါတယ်။

## ဖွဲ့စည်းခြင်း

၃။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ ၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆) ဖြင့် အောက်ပါပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

| | | | |
|---|---|---|---|
| (က) | ဦးစော | ညောင်ဦးမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဦးကျင့်ရှင်းထန် | တီးတိန်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုင်းမွန်း | လဲချားမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်လတ် | မြန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဦးထွန်းမြင့် | ဗဟန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်လွင် | ပုဇွန်တောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို | ဒေါပုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးနေလင်းအောင် | မင်းတပ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် | ဘီးလင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဌ) | ဦးခင်ဇော် | ကော့သောင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဒေါ်သန္တာ | အိမ်မဲမဲဆန္ဒနယ် | အဖွဲ့ဝင် |

မူကြမ်း

(ပ) ဗိုလ်မှူးကြီးမင်းသန်း တပ်မတော်သားကိုယ်စားလှယ် အဖွဲ့ဝင်

(ဖ) ဦးဝင်းမြင့်အောင် ဒီပဲယင်းမဲဆန္ဒနယ် အတွင်းရေးမှူး

၄။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၅။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

၆။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏ သက်တမ်းကာလအတွင်း လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၇။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇ ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်း(အစား) လေ ၁၇၇၃ ဗိုလ်မှူးချုပ်ဦးကျော်အား အဖွဲ့ဝင်အဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းခဲ့ပါသည်။

၈။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၇ ဖြင့် ဦးကျော်မင်း(ကမာရွတ်မဲဆန္ဒနယ်)နှင့် ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)တို့အား အဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခဲ့ပါသည်။

၉။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်းနှင့် ကြည်း ၂၇၉၇၈ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်းတို့အား ကော်မတီတွင် လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၁၀။ ၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ရုံး၏ အမိန့်အမှတ် ၂/၂၀၁၇ ဖြင့် ကြည်း ၂၃၁၅၈ ဗိုလ်မှူးကြီးမင်းသန်း အစား ကြည်း ၁၉၅၃၆ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ ကြည်း

၂၇၉၇၈ ဒုတိယဗိုလ်မှူးကြီး သန်းလှိုင်ဝင်း အစား ကြည်း ၂၈၁၇၃ ဒုတိယဗိုလ်မှူးကြီးဝင်းကို တို့အား ကော်မတီတွင် လေ့လာသူများအဖြစ် အစားထိုးလဲလှယ်တာဝန်ပေးအပ်ခဲ့ပါသည်။

၁၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင် ၁၇ ဦးနှင့် လေ့လာသူ ၂ ဦး၊ စုစုပေါင်း ၁၉ ဦး ရှိပါသည်။

**ကော်မတီ၏တာဝန်များ**

၁၂။ ကော်မတီသည်-

(က) နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(ခ) နိုင်ငံသားတိုင်း တန်းတူညီမျှမှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိရေး ဆောင်ရွက်ရမည်။

(ဂ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကိုလေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

၁၃။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့ အပါအဝင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍

ကြားနာခြင်း၊ မေးမြန်းဆွေးနွေးခြင်းနှင့် လိုအပ်သည့်အထောက်အထားများကို တင်ပြစေခြင်းပြုနိုင်သည်။

၁၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီကအတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့် အတူ ပူးတွဲ၍အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၁၅။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

၁၆။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ -

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၁၇။ ကော်မတီဝင်များသည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၁၈။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော် ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၉။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်း မှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

## ကော်မတီ၏ဆောင်ရွက်ချက်များ

၂၀။ ကော်မတီ၏ ရည်ရွယ်ချက်ပါအတိုင်း ရောက်ရှိလာသော တင်ပြစာများကို စစ်ဆေးဆောင်ရွက်ရာတွင် ပြည်သူတို့၏နစ်နာဆုံးရှုံးမှုများ၊ လယ်ယာမြေများ၊ အိုးအိမ်များ၊ ပြစ်မှုဆိုင်ရာ မှုခင်းများစသည်ဖြင့် ပါဝင်လျက်ရှိရာ မှတ်တမ်းတင်ထားသင့်သည်များကို မှတ်တမ်းတင်ထားရှိခြင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့ခြင်းများ၊ ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၁။ ကော်မတီသို့ရောက်ရှိလာသော တင်ပြစာများကို ဦးစားပေးအလိုက် လေ့လာစစ်ဆေးမှတ်ချက်ပြုရာတွင် ကော်မတီဝင်(၁၇)ဦးမှ တစ်ဖွဲ့လျှင်ကော်မတီဝင်(၅)ဦးနှင့် ကော်မတီဝင်(၆)ဦးပါအဖွဲ့ငယ်(၃)ဖွဲ့ခွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

၂၂။ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့အထိ ကော်မတီသို့ တင်ပြစာ ၆၀၂ စောင် လက်ခံရရှိခဲ့ပါသည်။ တင်ပြစာလက်ခံရရှိမှုအခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွဲခြား၍ **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြထားပါသည်။

၂၃။ ကော်မတီသို့ရောက်ရှိလာသော တင်ပြစာ ၆၀၂ စောင်အား လေ့လာစိစစ်ရာတွင် ပြီးစီးမှုပေါင်း ၁၉၀ စောင်၊ ဒုတိယဦးစားပေး ၈၀ စောင်၊ ဆောင်ရွက်ရန်မလို ၁၅၈ စောင်နှင့် ဆောင်ရွက်ဆဲ ၁၇၄ စောင်ဖြစ်ပါသည်။ ပြီးစီးမှုတင်ပြစာ ၁၉၀ တွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ ၁၂၁ စောင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သို့ ၁၇ စောင်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများသို့ ၅၂ စောင် ပေးပို့ခဲ့ပါသည်။ တင်ပြစာနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ ဆောင်ရွက်ပြီးစီးမှုပြန်ကြားရာတွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ၃ စောင်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ၁၁ စောင်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများမှ ၂၃ စောင် ပြန်ကြားလာပါသည်။ တင်ပြစာများ ဆောင်ရွက်ထားရှိမှုအခြေအနေအား **နောက်ဆက်တွဲ(ခ)** ဖြင့် ဖော်ပြထားပါသည်။

၂၄။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၂)ကြိမ်၊ ဘတ်ဂျက်ကိစ္စ ဆွေးနွေးခြင်း (၇)ကြိမ်၊ ဥပဒေကိစ္စ ဆွေးနွေးခြင်း(၈)ကြိမ်၊ ဝန်ကြီးဌာနနှင့်

ညှိနှိုင်းဆွေးနွေးခြင်း(၂)ကြိမ်၊ စုစုပေါင်း(၃၉)ကြိမ် ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်မှုအခြေအနေအား **နောက်ဆက်တွဲ(ဂ)** ဖြင့် ဖော်ပြထားပါသည်။

၂၅။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပ Call တွေ့ဆုံမှု (၃) ကြိမ်၊ Seminar, Workshop, Training တက်ရောက်မှု (၃၈) ကြိမ် တက်ရောက်ခဲ့ပါသည်။

၂၆။ ကော်မတီအဖွဲ့ဝင် လွှတ်တော်ကိုယ်စားလှယ်များမှ တစ်နှစ်တာကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်း (၃၁) ခုမေးမြန်း၍ အဆို(၃)ခု တင်သွင်းခဲ့ပါသည်။

၂၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များအပိုင်းတွင် ပါသော နိုင်ငံသားများ၏မူလအခွင့်အရေးများ ဥပဒေနှင့်အညီ ရရှိစေရန်အတွက် ပြည်သူလူထု၏ တိုင်ကြားစာများတွင်သာမက ပုံနှိပ်မီဒီယာများမှတစ်ဆင့် ကြားသိလျှင်လည်း သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြားနာစိစစ်ဆောင်ရွက်ခဲ့ပါသည်။

၂၈။ ၂၁.၉.၂၀၁၆ ရက်နေ့၏ ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံသား များ၏မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အင်းဝအပ်ချုပ်ဆိုင်ကိစ္စနှင့်ပတ်သက်ပြီး ညှိနှိုင်းဆောင်ရွက်ခဲ့မှုအပေါ် သိရှိလိုပါသဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဖိတ်ကြားခွင့်ပြုနိုင် ပါရန် တင်ပြခဲ့ပါသည်။

၂၉။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ ကော်မတီဝင်(၄)ဦးသည် ပြည်သူ့ လွှတ်တော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်ကို ထိုင်း၊ အိန္ဒိယ၊ ဂျာမနီ၊ ဗြိတိန်နိုင်ငံများသို့ (၄)ကြိမ်သွားရောက်ခဲ့ပါသည်။

၃၀။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် လေ့လာစိစစ်ရမည့် တည်ဆဲ ဥပဒေ (၇)ခုနှင့် ဆက်စပ်ဥပဒေ (၆)ခုရှိရာ ဦးစားပေးအနေဖြင့် နိုင်ငံသားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည့်ဥပဒေ (ဥပဒေအမှတ် ၂/၁၉၇၅ ခုနှစ်) ကို ၁၉-၅-၂၀၁၆ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီ၊ ၂၄-၅-၂၀၁၆ ရက်နေ့တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ ၁-၆-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။

**မူကြမ်း**

၃၁။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အား စောင့်ကြည့်ထိန်းညှိပေးရမည်ဖြစ်သဖြင့် ၈-၉-၂၀၁၆ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အား တိုင်ကြားစာများနှင့်ပတ်သက်၍လည်းကောင်း၊ ၁၆-၂-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကြားဖြတ်ရွေးကောက်ပွဲနှင့် ပတ်သက်၍လည်းကောင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

၃၂။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Ms. Yanghee Lee နှင့်အဖွဲ့အားလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ဗြိတိန်အောက်လွှတ်တော် ဥက္ကဋ္ဌ H.E. Mr. John Bercow အားလည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် National Democratic Institute (NDI)ဌာနေကိုယ်စားလှယ် Ms. Ans Zwerver နှင့် အဖွဲ့အားလည်းကောင်း လက်ခံတွေ့ဆုံပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ အစိုးရသစ်နှင့် နိုင်ငံရေးပါတီများပူးပေါင်း၍ ပြည်သူတို့၏ဆန္ဒများကို အကောင်အထည်ဖော်ဆောင်ရွက် နေမှုများ၊ International Labour Organization (ILO) အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့၏ ပြဋ္ဌာန်းချက်များအား အလေးအနက်ထား၍ ဆွေးနွေးခဲ့ကြပါသည်။

၃၃။ ကော်မတီဝင်များသည် ၂၀၁၆-၂၀၁၇ခု၊ ဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ(မူကြမ်း) နှင့် "၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ ပါဝင်သည့်စီမံကိန်းလုပ်ငန်းများကို ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့(၁)" တွင်ပါဝင်ကာ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်ကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီများ၏ ဘတ်ဂျက်ကိုစိစစ်၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့ပါသည်။

**ကော်မတီ၏သုံးသပ်ချက်**

၃၄။ ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အောက်ပါအတိုင်းသုံးသပ်ပါသည်-

(က) ကော်မတီဝင်များသည် မဲဆန္ဒရှင်ပြည်သူများ၏ လိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလိုအပ်ချက်များ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ လိုအပ်ချက်များကို ပြည်သူ့လွှတ်တော်တွင် တက်ကြွစွာ တင်ပြဆွေးနွေးရန်၊

(ခ) ပြည်သူတို့၏တင်ပြစာများအား စိစစ်ဖြေရှင်းဆောင်ရွက်ရာတွင် နှောင့်နှေးမှုမရှိစေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဖွဲ့အစည်းများမှ ကိုယ်စားပြုဆွေးနွေးဆုံးဖြတ်နိုင်မည့် ပုဂ္ဂိုလ်ကိုယ်တိုင် လာရောက်ညှိနှိုင်းဆွေးနွေးခြင်းအပြင် ထိုအဖွဲ့အစည်းများမှ ၎င်းတို့၏ဆောင်ရွက်ချက်များကို ကော်မတီသို့ ဆောလျင်စွာပြန်ကြားခြင်းပြုလုပ်ရန်၊

(ဂ) နိုင်ငံသားများ၏မူလအခွင့်အရေးကို ပိုမိုမြှင့်တင်ရန် နိုင်ငံသားများ၏ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များကို နိုင်ငံသားများနှင့် သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့အစည်းဝင် တာဝန်ရှိသူများမှ ပိုမိုအလေးထား ပူးပေါင်းဆောင်ရွက်ရန်၊

(ဃ) နိုင်ငံသားများ၏မူလအခွင့်အရေး ချိုးဖောက်ခံရမှုများနှင့်ပတ်သက်၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ လိုအပ်ပါက လေ့လာစုံစမ်းခြင်းကို လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ရယူပြီး သက်ဆိုင်ရာဒေသသို့သွားရောက်၍ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) နိုင်ငံသားတို့၏ မူလအခွင့်အရေးများကို မြှင့်တင်ကာကွယ်ဖြည့်ဆည်းနိုင်ရန် ပြည်တွင်းဥပဒေများအား အထောက်အပံ့ဖြစ်စေမည့် နိုင်ငံတကာပဋိညာဉ်များနှင့် နှိုင်းယှဉ်လေ့လာဆန်းစစ်ရန်၊

(စ) ဥပဒေကြမ်းကော်မတီ၏ ဥပဒေဆိုင်ရာအဆိုပြုဆွေးနွေးပွဲများတွင် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီကို ဖိတ်ကြား၍ ပါဝင်ဆွေးနွေးခွင့်ပေးရန်။

**မှတ်ချက်**

**နိဂုံး**

၃၅။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းအသီးသီးသည် မိသားစုစိတ်ဓာတ်အပြည့်အဝဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ပံ့ပိုးကူညီကြပါသည်။ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၄-၆-၂၀၁၇ ရက်နေ့(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အား ဖိတ်ခေါ်ပါတယ်။

**ဦးမြသိန်း(တရားသူကြီး၊ ပြည်ထောင်စုလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိန်း ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြုစုရေးဆွဲထားတဲ့ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ

ကိုပြင်ဆင်သည့် ဥပဒေကြမ်းအား တင်သွင်းဆွေးနွေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ၁၈၇၂ ခုနှစ်တွင် အိန္ဒိယအက်ဥပဒေ ၁၅ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဆိုပါဥပဒေမှာ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိ များကို Births, Deaths and Marriages Act အရ ခန့်ထားခြင်းဖြစ်သော်လည်း ယင်းအက်ဥပဒေ မှာ ဥပဒေအမှတ်(၁/၉၂)ဖြင့်ရုပ်သိမ်းခဲ့ပြီဖြစ်လို့ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ ခန့်အပ်မည့်ပြဋ္ဌာန်းချက် ကို ပြင်ဆင်ရန်လိုအပ်ပါတယ်။ ဒ့ါအပြင် ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ၊ ဥပဒေအမှတ် (၆/၂၀၁၆)အရ ပုဒ်မ ၃၇၅ ရဲ့ချွင်းချက်၊ အဲဒီမှာ မိမိများ၏အသက်ကို ၁၃ နှစ်လို့ သတ်မှတ်ထားတာကို ၁၅ နှစ်လို့ပြင်ဆင်ခဲ့လို့ ထိမ်းမြားလက်ထပ်ခွင့်ရှိတဲ့ မိန်းမရဲ့အသက်ကို ၁၅ နှစ်ဟုပြင်ဆင်ရန် လိုအပ်ပြီး ခေတ်ကာလငွေကြေးတန်ဖိုးနှင့် လိုက်လျောညီထွေဖြစ်စေမည့် ငွေကြေးသတ်မှတ်ချက်များ ကိုလည်း ပြင်ဆင်ရန်လိုအပ်သဖြင့် ပြင်ဆင်ရေးဆွဲခဲ့ခြင်းဖြစ်ပါတယ်။ ဒါကြောင့် ခရစ်ယာန်ထိမ်းမြား ခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တည်ဆဲဥပဒေများနှင့်ညီညွတ်စေရန် လည်းကောင်း၊ ခေတ်ကာလနှင့်လိုက်လျောညီထွေမရှိတော့တဲ့ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန် လည်းကောင်း၊ ခေတ်ကာလနှင့်ညီညွတ်သော ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကို ပြင်ဆင်ရန် လည်းကောင်းရည်ရွယ်၍ ခေတ်ကာလအခြေအနေနဲ့ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲပြုစုထားပါသဖြင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ရန်အတွက် အဆိုတင်သွင်းပါတယ်။ ကျေးဇူးတင်ပါတယ်။

## ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံ စာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၁၃၃

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၅-၆-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၁၅၈)/ ပထစ-၂၀၁၇

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အခြားတည်ဆဲဥပဒေများနှင့် ညီညွတ်မှုရှိစေရန်လည်းကောင်း၊ ခေတ်ကာလနှင့်

**မူကြမ်း**

လိုက်လျောညီထွေမှုမရှိတော့သည့် ပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်လည်းကောင်း၊ ခေတ်ကာလနှင့် ညီညွတ်သည့် ငွေကြေးတန်ဖိုးသတ်မှတ်ချက်များကို ပြင်ဆင်ရန်လည်းကောင်း ရည်ရွယ်၍ ပြင်ဆင် ရေးဆွဲထားခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၉-၆-၂၀၁၇ ရက်(သောကြာနေ့)နှင့် ၁၂-၆-၂၀၁၇ ရက် (တနင်္လာနေ့)တို့တွင် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံ ရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း ၈ ပိုဒ် ပါရှိပါသည်။

(ခ) အပိုဒ် ၂ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေ ပုဒ်မ ၃ တွင်ပါရှိသော Registrar-General of Births, Deaths and Marriages စကားရပ်၏အဓိပ္ပါယ် ဖွင့်ဆိုချက်ကို အောက်ပါစကားရပ်ဖြင့် အစားထိုးရမည်-

Registrar-General of marriages means a Registrar-General of Marriages appointed under this Act.

ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်ချက်ဇယားကိုလည်း လွှတ်တော်ကိုယ်စားလှယ် များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ

စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၁၈၆/၁၈၈)တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၅-၆-၂၀၁၇ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်တွေက ပြင်ဆင်လိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအလိုက် ပြင်ဆင်ချက်တင်သွင်းတဲ့အခါမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ ဝိုင်းဝန်းဆွေးနွေးလို့ရှိရင် ဒီဥပဒေကြမ်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းလာတဲ့ဥပဒေကြမ်းဖြစ်တဲ့အခါမို့လို့ ဒီလိုနေရာမှာ တရားစီရင်ရေးကော်မတီကိုလည်း ထည့်သွင်းပြီးတော့ ပူးပေါင်းဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒီမှာခုဖတ်သွားတဲ့အခါမှာ ဒီဥပဒေကြမ်းကို ဆွေးနွေးတဲ့အခါမှာ တရားစီရင်ရေးကော်မတီ ပါရှိတာမတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ တရားစီရင်ရေးကော်မတီကိုလည်း ဆက်စပ်နေလို့ ဆွေးနွေးတဲ့အခါမှာ ဝိုင်းဝန်းဆွေးနွေးပေးဖို့လိုပါတယ်။

## ဦးခင်ချို လှိုင်းဘွဲ့မဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော် ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်ချို လှိုင်းဘွဲ့မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၅-၅-၂၀၁၇ ရက်နေ့)တွင် တင်သွင်းတဲ့ နိုင်ငံ၏ အလုပ်လက်မဲ့ပြဿနာများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာရေး နိုင်ငံတော်အစိုးရမှ

စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်မှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၄ ဦးရှိပါတယ်။ ပထမဦးစွာ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပြီး လှိုင်းဘွဲ့မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာရှိတဲ့နိုင်ငံအားလုံးအတွက် အဓိကအကျဆုံးအရေးကြီးဆုံးအချက်တွေထဲမှာ အလုပ်လက်မဲ့မြင့်မားမှုမရှိစေရေးဆိုတဲ့အချက် ပါဝင်ပါတယ်။ အလုပ်လက်မဲ့ဖြစ်မှုဟာ နိုင်ငံသားတွေရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေကို ထိခိုက်စေနိုင်သလို တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုတွေကိုလည်း ပျက်ပြားစေနိုင်ပါတယ်။ အစိုးရတစ်ရပ်ရဲ့စွမ်းဆောင်ရည်ကို တိုင်းတာရာမှာလည်း အစိုးရရဲ့သက်တမ်းအတွင်း အလုပ်လက်မဲ့ဘယ်လောက်လျော့သွားသလဲ။ ဘယ်လောက်တိုးလာသလဲဆိုတာအပေါ်မူတည်ပြီး တိုင်းတာလေ့ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတကာမှ ရွေးကောက်ပွဲတွေကို အဆုံးအဖြတ်ပေးတဲ့အဓိကကိစ္စတွေထဲမှာလည်း အလုပ်လက်မဲ့ကိစ္စ ပါပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း အလုပ်လက်မဲ့လျော့နည်းကျဆင်းရေးဆိုတာ အရေးကြီးဆုံးကိစ္စတွေထဲမှာ ပါနေပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဝင်ငွေရရှိတဲ့အလုပ်တစ်ခုခုလုပ်မနေတိုင်း အလုပ်လက်မဲ့လို့ သတ်မှတ်ခြင်းမရှိပါဘူး။ ၁၉၈၂ ခုနှစ်က ILO ရဲ့ Resolution မှာ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အလုပ်လက်မဲ့ဆိုတာ (၁) အလုပ်မရှိသူဖြစ်ရမယ်။ (၂) အလုပ်လုပ်နိုင်သူဖြစ်ရမယ်။ (၃) အလုပ်တစ်ခုခုရှာဖွေနေသူဖြစ်ရမယ်ဆိုတဲ့ အချက်သုံးချက်နဲ့ညီသူဆိုပြီး ဆိုပါတယ်။ အလုပ်လက်မဲ့မှုနှုန်းကို တိုင်းတာတဲ့အခါမှာ အများအားဖြင့် အခု Slide မှာဖော်ပြထားတဲ့ နည်းလမ်းလေးမျိုးနဲ့ တိုင်းတာလေ့ရှိပါတယ်။ အပေါ်ဆုံးနည်းလမ်းက မှန်ကန်တိကျမှုအများဆုံးနဲ့ အောက်ဆုံးနည်းလမ်းက မှန်ကန်တိကျမှုအနည်းဆုံးဖြစ်ပါတယ်။ နောက် Slide မှာဖော်ပြထားတာကတော့ အလုပ်လက်မဲ့အမျိုးအစားငါးမျိုးနဲ့ အမျိုးအစားခွဲခြားသတ်မှတ်ပုံတွေဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် အလုပ်သမားဝန်ကြီးဌာနက ပြုလုပ်ခဲ့တဲ့ Myanmar Labor Force, Child Labor and School to Work Transition Survey 2015 ရဲ့ Report ကိုကြည့်တဲ့အခါမှာ ကျွန်တော်တို့နိုင်ငံရဲ့ အလုပ်လက်မဲ့ဖြစ်ပွားမှုနှုန်းဟာ အခု Power Point မှာ တွေ့ရတဲ့အတိုင်း ၀.၈ ရာခိုင်နှုန်းပဲရှိတယ်ဆိုပြီးဖော်ပြထားတာ အံ့အားသင့်ဖွယ်တွေ့ရပါတယ်။ အလုပ်လက်မဲ့ ၀.၈ ရာခိုင်နှုန်းဆိုတာ တကယ်ပြည်သူတွေ ကြုံတွေ့နေရခြင်းများကို ထင်ဟပ်မနေဘူးလို့ ထင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ မဲဆန္ဒရှင်တွေနဲ့ တွေ့ဆုံတဲ့အခါမှာ သူတို့ရဲ့ပြောကြားချက်တွေအရ အလုပ်လက်မဲ့မှုနှုန်းဟာ အတော်များပြားနေတာကို တွေ့ရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်ပေါက်လာဖို့ ကြိုးပမ်းပေးပါဆိုတဲ့စကားကတော့ လူထုနဲ့တွေ့ဆုံပွဲတိုင်းမှာ အမြဲကြားရတဲ့ လူထုအသံပါပဲ။ လူငယ်တော်တော်များများနဲ့ စကားပြောကြည့်တဲ့အခါမှာလည်း သူတို့စိတ်အပူဆုံးဖြစ်နေတဲ့ကိစ္စက သူတို့အလုပ်မရမှာဖြစ်တယ်ဆိုတာကို တွေ့ရပါတယ်။ မကြာသေးမီက ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ နွားထိုးကြီးမြို့နယ်မှာ လူထုဗဟိုပြုစီမံကိန်းအတွက် အလုပ်ခေါ်တဲ့အခါမှာ ခန့်ထား နိုင်တဲ့နေရာ ၅၃ နေရာရှိနေတာကို လျှောက်ထားသူပေါင်း ၁၈၃၃ ဦးအထိရှိခဲ့တာ တွေ့ရပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ တကယ့်လက်တွေ့မှာ အလုပ်လက်မဲ့ဖြစ်ပွားမှုနှုန်း တစ်နည်းအားဖြင့် အလုပ်လုပ်ကိုင်နိုင်ပြီး အလုပ်မရှိသေးလို့ အလုပ်အကိုင်ရှာဖွေနေသူ အရေအတွက်ဟာ ၀.၈ ရာခိုင်နှုန်းဆိုတာတင်မကဘဲ World Bank ၊ CIA Fact Book ၊ Training Economic တို့မှာဖော်ပြထားတဲ့ ၄ ရာခိုင်နှုန်းကျော်ဆိုတာထက်ကို ကျော်လွန်နေတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါ့အပြင် လုပ်သားအများစုဟာ တောင်သူလယ်သမားများဖြစ်ကြပြီးတော့ သူတို့ရဲ့အလုပ်ဟာ တစ်နှစ်ပတ်လုံးရှိနေတာမဟုတ်ဘဲ ရာသီအလိုက်သာ အလုပ်ရှိနေတယ်ဆိုတာလည်း ဂရုပြုဖို့လိုပါတယ်။ နောက်ပြီး လက်ရှိအလုပ်ရှိနေသူများထဲမှာလည်း ထိုက်တန်တဲ့လစာမရတဲ့၊ တတ်ကျွမ်းတဲ့ပညာနဲ့ တခြားစီဖြစ်တဲ့၊ အချိန်ပိုင်းပဲဖြစ်တဲ့အလုပ်တွေကို လုပ်နေရတဲ့သူ အများအပြား ရှိနေပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်လက်မဲ့မှုလျှော့နည်းရေးအတွက် ဆိုရင် ပထမဦးဆုံးအနေနဲ့ အနာဂတ်အတွက် စီးပွားရေးဆိုင်ရာစီမံကိန်းတွေနဲ့ ပညာရေးဆိုင်ရာစီမံကိန်းများကို ရေးဆွဲရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနတွေပူးပေါင်းပြီး ချိန်ဆညှိနှိုင်းရေးဆွဲရမှာ ဖြစ်ပါတယ်။ အနာဂတ်စီးပွားရေးမှာ အဓိကအခြေပြုမယ့်ကဏ္ဍများနှင့် ပညာရေးကမွေးထုတ်မယ့် ကျွမ်းကျင်သူများကိုက်ညီဖို့ လိုပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေဖန်တီးနိုင်ဖို့ ပြည်တွင်းပြည်ပ

ရင်းနှီးမြှုပ်နှံမှုတွေတိုးပွားလာဖို့လိုပြီး အထူးသဖြင့် လုပ်သားအသုံးပြုမှုများတဲ့လုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံလာအောင် ဖောင်းပေးပြီး စီမံသင့်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံမှုလုပ်တာထက်စာရင် ဘဏ်မှာအတိုးပေးထားတာက ပိုပြီးစိတ်ချရတယ်ဆိုတဲ့စိတ်မျိုးဝင်မနေစေဖို့ လိုပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ရဲစေဖို့ စီးပွားရေးနှင့်ပတ်သက်တဲ့မူဝါဒတွေ ချမှတ်တဲ့အခါမှာ ကြိုတင် တွက်ဆနိုင်မှုရှိအောင်၊ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်ရပါမယ်။ မူဝါဒတွေချမှတ်ရာမှာ အခု ဆီထမင်း၊ အခု စာကလေးကြော်ဆိုတာလို ခဏခဏအပြောင်းအလဲမဖြစ်စေဖို့ အထူးပဲအရေးကြီးပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနှင့်ပတ်သက်တဲ့သတင်းအချက်အလက်တွေ၊ ပြည်သူများအလွယ်တကူ ရရှိနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေပေါင်းစပ်ပြီး ဆောင်ရွက်ပေးဖို့ လိုပါလိမ့်မယ်။ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်းကျောင်းတွေ ပိုမိုဖွင့်လှစ်သင့်ပြီး အနိမ့်ဆုံး ခရိုင်အဆင့် မြို့တိုင်းမှာဖွင့်နိုင်အောင် စီစဉ်သင့်ပါတယ်။ ဒါ့အပြင် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေနဲ့ ထောက်ပံ့ကူညီမှုတွေ ပြုလုပ်ပေးဖို့လိုသလို စွန့်ဦးတီထွင်မှုဆိုင်ရာ အကြံဉာဏ်များဟာ ယခုခေတ်မှာ အင်မတန်မှအရေးပါနေပြီဖြစ်လို့ စွန့်ဦးတီထွင်မှုဆိုင်ရာ ပညာရပ်ကို အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ရိုးများမှာ ထည့်သွင်းသင့်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု Power Point မှာဖော်ပြထားတဲ့ အတိုင်း ကျွန်တော်တို့နိုင်ငံက ပြည်သူတွေကို အသက်အပိုင်းအခြားအလိုက် ခွဲခြားကြည့်မယ်ဆိုရင် ငယ်ရွယ်တဲ့သူက အများစုဖြစ်နေတာကို တွေ့ရမှာဖြစ်ပြီး ဒီလူငယ်တွေ အလုပ်အကိုင်ရရှိရေးဟာ အနာဂတ်တိုင်းပြည်အတွက် အဓိကစိန်ခေါ်မှုဖြစ်လာမှာပါ။ ဒါ့အပြင် အခြားနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်နေတဲ့သူတွေ သန်းနဲ့ချီရှိနေတာမို့ သူတို့ပြန်လာရင် ပြည်တွင်းမှာ အလုပ်အကိုင်ရနိုင်ရေး ဆောင်ရွက်ပေးဖို့လိုမှာဖြစ်ပြီး အဲဒီလိုဆောင်ရွက်ရာမှာလည်း သူတို့တွေနဲ့ပြန်ပါလာမယ့် ကျွမ်းကျင်မှုနဲ့ ပြည်တွင်းကိုပြန်ရောက်ရင် ရနိုင်မယ့်အလုပ် ကိုက်ညီမှုတွေရှိအောင်ပါ ထည့်သွင်းစဉ်းစားပြီး စီစဉ်ဆောင်ရွက်သင့်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် ကျွန်တော်တို့ရဲ့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်စေဖို့၊ တည်ငြိမ်အေးချမ်းစေဖို့၊ လူမှုဘဝတွေ သာယာစိုပြည်စေဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေးကို သက်ဆိုင်သူအားလုံးမှ ဘာလုပ်ရမယ် What ဆိုတာတင်မကဘဲ ဘယ်လိုလုပ်ရမယ် How ဆိုတာကိုပါ ထည့်သွင်းစဉ်းစားပြီးတော့ အမြန်ဆုံးစီစဉ်ဆောင်ရွက်ဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများရဲ့အကျိုးကိုရည်ရွယ်ပြီးတော့ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များရှင့်။ ကျွန်မကတော့ လှိုင်းဘွဲ့မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်လက်မဲ့များလာခြင်း စတဲ့ အခြေအနေတွေဟာ အဲဒီနိုင်ငံရဲ့ နိုင်ငံရေးမတည်ငြိမ်ရင်၊ နိုင်ငံငြိမ်းချမ်းမှု မရှိရင်၊ လူတစ်စု၊ လူတစ်ဖွဲ့ရဲ့ အကျိုးကိုသာရှေးရှုပြီး လုပ်နေရင်၊ နိုင်ငံကိုခေါင်းဆောင်သူတွေရဲ့ စီမံခန့်ခွဲဆုံးဖြတ်မှုတွေ မှားယွင်းရင် ဖြစ်လာနိုင်ပါတယ်။ နိုင်ငံရေးမတည်ငြိမ်ရင်၊ မငြိမ်းချမ်းရင် စီးပွားရေးတည်ငြိမ်မှုမရှိတာမို့လို့ နိုင်ငံသားတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းရစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို ဘယ်သူမှလာရောက်လုပ်ကိုင်ကြမှာမဟုတ်ပါဘူး။ နိုင်ငံရေးတည်ငြိမ်မှုအတွက် အဓိကနေရာမှာအရေးပါတာကတော့ ငြိမ်းချမ်းရေးပါပဲ။ အခုဆိုလို့ရှိရင် နိုင်ငံတော်အနေနဲ့ ငြိမ်းချမ်းရေးရရှိအောင် ဦးစားပေးလုပ်ဆောင်နေတာကိုလည်း အားလုံးအသိပါ။ အလုပ်အကိုင်ရှားပါးပြီး အလုပ်လက်မဲ့များလာရင် တိုင်းပြည်ရဲ့လူ့စွမ်းအားအရင်းအမြစ်တွေ ကျဆင်းစေနိုင်ပါတယ်။ ကိုယ့်တိုင်းပြည်မှာအလုပ်အကိုင်မရှိလို့ နိုင်ငံခြားတိုင်းပြည်တွေမှာ အလုပ်သွားနေရခြင်းကလည်း ကောင်းတဲ့လက္ခဏာရပ် မဟုတ်ပါဘူးရှင့်။ အဆိုရှင်တင်ပြသလိုပါပဲ။ မိမိနိုင်ငံအတွင်းမှာ အလုပ်လုပ်နိုင်တဲ့လူဦးရေ နည်းပါးလာရင်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေအတွက် လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်လာတဲ့အခါမှာ အဆင်သင့်မရှိရင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်အခက်အခဲဖြစ်လာနိုင်ပါတယ်။ အလုပ်လက်မဲ့ပြဿနာကို တစ်စိတ်တစ်ပိုင်းဖြေရှင်းနိုင်မယ့်နည်းလမ်းကတော့ အသက်မွေးမှုပညာ၊ လက်မှုပညာတွေကို သင်ကြားပေးနိုင်ရန် စီစဉ်ဖို့လိုပါတယ်။ ကျေးလက်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတွေအနေနဲ့ စက်ချုပ်ပညာသင်တန်း၊ ကွန်ပျူတာသင်တန်း စတာတွေကို ဖွင့်လှစ်သင်ကြားနေတာရှိသလို တခြား ဝန်ကြီးဌာနတွေအနေနဲ့လည်း အသက်မွေးဝမ်းကျောင်းပညာတွေ သင်ကြားပေးနေတာလည်း တွေ့ရှိရပါတယ်။ ဒီသင်တန်းတွေကို ဒီ့ထက်မက ပိုမိုဖွင့်လှစ်သင်ကြားပေးရန် စီစဉ်သင့်ပါတယ်။ လက်မှု ပညာတတ်တဲ့သူတွေများလာရင် အလုပ်လက်မဲ့သူနည်းလာနိုင်ပါတယ်။ မလိုအပ်ဘဲနဲ့ စီမံကိန်းအတွက်ဆိုပြီး မြေတွေကို အလွန်အကျွံသိမ်းယူခြင်းကလည်း အလုပ်လက်မဲ့များလာစေတဲ့အကြောင်းထဲမှာ တစ်ရပ်အပါအဝင်ပါပဲ။

**မူကြမ်း**

ယခင်က တောတက်၊ ထင်းခုတ်၊ ဝါးခုတ်၊ မျှစ်ချိုး၊ တောင်ယာစိုက်၊ လယ်စိုက် အသက်မွေးတဲ့ နေရာတွေမှာ စီမံကိန်းအတွက်ဆိုပြီး မြေတွေအများအပြားသိမ်းလိုက်တဲ့အတွက် ကျေးရွာအတော် များများမှာ အလုပ်လက်မဲ့ဖြစ်ခဲ့ရပါတယ်။ ကျွန်မတို့ သထုံမြို့နယ်မှာဆိုရင်လည်း ယခင် စက်မှုဝန်ကြီး ဌာနက တာယာစက်ရုံဆောက်ဖို့အတွက်နဲ့ စက်မှုကုန်ကြမ်းဌာန ယခင် ပလဖ လို့ခေါ်တဲ့ ရော်ဘာစိုက် ခင်းတွေအတွက် မြေတွေအမြောက်အမြားသိမ်းခဲ့ကြပါတယ်။ ဒါပေမဲ့ စီမံကိန်းအောင်မြင်သလားဆို တော့လည်း အောင်မြင်မှုမရှိဘဲ ဒေသခံတွေသာ အခက်အခဲတွေ့ခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ်လောက် မှာ ဝန်ကြီးဌာနက မလုပ်နိုင်တော့လို့ အကျိုးတူလုပ်ဖို့ဆိုပြီးတော့ စီစဉ်တော့လည်း ဒေသခံတွေက ကိုယ်တတ်နိုင်သလောက်အတိုင်းအတာလေးကို အကျိုးတူလုပ်ဖို့ လျှောက်ပြန်တော့ ဌာနပိုင်မြေ အားလုံးကို လုပ်နိုင်မှ အကျိုးတူလုပ်ဖို့ ခွင့်ပြုမယ်ဆိုပြီး ငြင်းပယ်တာခံခဲ့ရတဲ့အတွက် ယနေ့အချိန် အထိ အလုပ်အကိုင်ခွင့်အလမ်းတွေ အလှမ်းဝေးနေဆဲပါ။ အစိုးရတစ်ရပ်၊ ဝန်ကြီးဌာနတစ်ခုအနေနဲ့ ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးဖို့ တာဝန်ရှိပါလျက် မျက်ကွယ်ပြုခံခဲ့ရတဲ့ ဒေသခံပြည်သူတွေအတွက် စိတ်မကောင်းစရာပါ။ ဒါတွေကို သင်ခန်းစာယူပြီး ဒေသခံတွေလုပ်နိုင်တဲ့ လုပ်ငန်းတွေကို လုပ်ငန်းရှင်တွေချည်းကိုပဲ ဝကွက်မအပ်ဘဲ ပြည်သူတွေအတွက် ဦးစားပေးစေခြင်းဖြင့် အလုပ်လက်မဲ့ပြဿနာကို အထိုက်အလျောက်ဖြေရှင်းစေနိုင်ပါတယ်။

နောက်တစ်ချက်အနေနဲ့ SMEs လို့ခေါ်တဲ့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းတွေကို နိုင်ငံတော်အနေနဲ့ စနစ်တကျဖော်ထုတ်ကူညီပေးသင့်ပါတယ်။ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး စတာတွေမှာ SMEs လုပ်နိုင်တာဘယ်လောက်ရှိလဲ။ သူတို့ရဲ့အားနည်းချက်၊ အားသာ ချက်က ဘာတွေလဲ။ ဘာတွေလိုနေလဲ။ အဲဒါတွေကို စနစ်တကျလေ့လာဖော်ထုတ်စေသင့်ပါတယ်။ စနစ်တကျလေ့လာပြီး ဘယ်လုပ်ငန်းကို ဘယ်လိုထောက်ပံ့သင့်တယ်။ ဘယ်လိုနည်းပညာတွေ၊ ငွေကြေးပိုင်းတွေ ထောက်ပံ့သင့်တယ် စတာတွေကို လုပ်ဆောင်သင့်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းတဲ့နေရာမှာ အစိုးရသာမကဘဲ ပြည်သူများ၊ အသင်းအဖွဲ့များ စတာတွေပါ ပူးပေါင်းပါဝင်ကြဖို့ လိုပါတယ်။ ကိုယ်တတ်နိုင်သလောက် ကိုယ့်ရပ်ရွာမှာ အသက်မွေးမှု ပညာတွေကို သင်ကြားပေးဖို့လိုပါတယ်။ ဒါမှလည်း အလုပ်အကိုင်အခွင့်အလမ်းတွေပေါ်လာတဲ့အခါ မှာ ကျွမ်းကျင်သူတွေအဖြစ်ကနေပြီးတော့ အခွင့်အလမ်းတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ သထုံမြို့နယ်မှာဆိုရင် ရွှေပါရမီဆရာတော်ရဲ့ ကူညီထောက်ပံ့မှုနဲ့ လူငယ်အမျိုးသမီးတွေကို ဆုပါရမီ အနေနဲ့ ကွန်ပျူတာသင်တန်း၊ စက်ချုပ်သင်တန်းတွေကို အသုတ်လိုက်ခွဲပြီး သင်ကြားနေပါတယ်။

**မူကြမ်း**

ဝမ်းသာစရာကောင်းတာက ယခင်က နိုင်ငံခြားချေးငွေတွေအမြောက်အမြားယူပြီး ဆောက်လုပ်ခဲ့ပေမဲ့ မအောင်မြင်ခဲ့တဲ့စက်ရုံတစ်ရုံဖြစ်တဲ့ ကော့စတစ်ဆိုဒါ စက်ရုံဆောက်ထားတဲ့နေရာမှာ အခုအစိုးရရဲ့ ကြိုးပမ်းမှုကြောင့် Solar Power Plant တွေနဲ့အတူ အထည်ချုပ်စက်ရုံနဲ့ အခြားလုပ်ငန်းတွေကို လုပ်ဖို့လျာထားကြောင်း သိရတဲ့အတွက် အသက်မွေးပညာသင်ကြားထားတဲ့ ကျွန်မတို့ဒေသခံတွေ အနေနဲ့တော့ ရေကန်အသင့်၊ ကြာအသင့် ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ လိုမယ်ဆိုတာလည်း ပြောကြားပါရစေ။

ဥက္ကဋ္ဌကြီးရှင့်။ မိသားစုတစ်ခုမှာ အလုပ်လုပ်နိုင်တဲ့သူတွေအားလုံးကို အလုပ်အကိုင်အခွင့် အလမ်းရစေခြင်းဖြင့် အလုပ်လက်မဲ့မရှိအောင် ဖန်တီးပေးခြင်းဟာ အဲဒီမိသားစုဘဝကို ပိုမိုအကျိုးရှိ စေသလို နိုင်ငံအတွက်လည်း အကျိုးရှိစေပါတယ်။ အလုပ်ရှိနေတဲ့ဝန်ထမ်း၊ အလုပ်သမားတစ်ယောက် ကို လစာတိုးမြှင့်ပေးခြင်းထက် ပိုကောင်းတဲ့ အစီအစဉ်ဖြစ်ပါတယ်။ အခုလို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျ ပြီး အကြွေးတွေတင်နေတဲ့ ကျမတို့နိုင်ငံမှာ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဖို့မကြိုးစားဘဲ ဆူလွယ် နပ်လွယ် လစာတိုးပေးခြင်းသာလုပ်မယ်ဆိုရင် နိုင်ငံအတွက် အကျိုးမရှိနိုင်ပါဘူးရှင့်။ ဟင်းစားပဲပေး ပြီး ကွန်ချက်မပြရင် သင့်လျော်ပါသလား။ ဒါကြောင့် အဓိကလိုအပ်ချက်ကိုထောက်ပြခဲ့တဲ့ အဆိုရှင်ရဲ့ စေတနာကို လေးစားမိကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မက ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီဒွန်းဖြစ်ပါတယ်။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဦးခင်ချို့ရဲ့အဆိုကို နှစ်ပိုင်းခွဲပြီး ဆွေးနွေး သွားမှာဖြစ်ပါတယ်။ အဆိုရဲ့ ပထမပိုင်းအနေနဲ့ အလုပ်လက်မဲ့ ပြဿနာနှင့်ပတ်သက်ပြီး ဆွေးနွေး ရမည်ဆိုရင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရှိသင့်ရှိထိုက်တဲ့အချက်တွေ အများကြီးထဲမှ နိုင်ငံ့ရဲ့အလုပ်လုပ်နိုင်သူဦးရေဟာလည်း အရေးတကြီးထည့်သွင်းတွက်ချက်ရမည့်အချက်တစ်ချက် ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်ကောက်ယူတဲ့သန်းခေါင်စာရင်းအရ အလုပ်လုပ်နိုင်တဲ့အသက်အရွယ် ၁၅ နှစ်မှ ၆၄ နှစ် အတွင်းမှာရှိတဲ့ လူဦးရေရဲ့ ၆၇ ရာခိုင်နှုန်းဟာ အလုပ်လုပ်ပြီးတော့ ၄ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့များဖြစ်ကြပါတယ်။ ကျားနှင့်မ အလုပ်လက်မဲ့ရာခိုင်နှုန်းဟာလည်း တူညီလုနီးပါး

ဖြစ်နေတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အသက် ၁၅ နှစ်မှ ၂၉ နှစ်အရွယ် လူငယ်များအတွင်းမှာ ဆိုရင်လည်း ၇.၇ ရာခိုင်နှုန်းဟာ အလုပ်လက်မဲ့များဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် လူငယ်လူရွယ်အလုပ်လက်မဲ့ရာခိုင်နှုန်းဟာ နိုင်ငံရဲ့အလုပ်လက်မဲ့ရာခိုင်နှုန်းထက် ပိုများနေပါတယ်။ အလုပ်လုပ်နိုင်တဲ့သူဖြစ်ပြီးတော့ အလုပ်မရှိတဲ့ လူငယ်လူရွယ်အလုပ်လက်မဲ့များနေခြင်းဟာ နိုင်ငံတော်ရဲ့အနာဂတ်အတွက် ကောင်းတဲ့လက္ခဏာတော့ မဟုတ်ပါဘူး။ ဒီပြဿနာကို အလေးထားပြီးအဖြေရှာဖို့တော့ လိုပါလိမ့်မယ်။ နောက်ပြီး ဆရာဝန်၊ အင်ဂျင်နီယာကအစ အခြားဘွဲ့ရလူငယ်များအပါအဝင် အလုပ်လက်မဲ့များ ဖြစ်နေတာကိုလည်း အံ့သြစွာလေ့လာတွေ့ရှိရပါတယ်။ ကျွန်မတို့ ပေါက်ခေါင်းမြို့နယ်မှာဆိုရင်လည်း အလုပ်လက်မဲ့ပြဿနာဟာ အလေးထားရမည့်ကိစ္စဖြစ်နေပါတယ်။ မြို့နယ်မှာ အလုပ်အကိုင်ရှားပါးတဲ့အတွက် အလုပ်အကိုင်ပေါ်ရာ မြို့ကြီးများနှင့်နယ်စပ်များ နိုင်ငံရပ်ခြားကိုပါထွက်ပြီးတော့ အလုပ်လုပ်နေရတဲ့ လူငယ်တွေများပြားပြီး ကျေးရွာတွေမှာ အလုပ်မလုပ်နိုင်တဲ့ ကလေးနှင့်အမျိုးသမီး သက်ကြီးရွယ်အိုများသာကျန်လို့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ကုန်ထုတ်စွမ်းအားတွေ ကျွန်မတို့မြို့နယ်မှာဆိုရင် ကျဆင်းနေတာကို တွေ့ရပါတယ်။ အလုပ်လက်မဲ့ပြဿနာဟာ အလုပ်လက်မဲ့ရာခိုင်နှုန်းများနေတဲ့ ကျွန်မတို့ တိုင်းပြည်အတွက် တိုင်းပြည်ဝင်ငွေ GDP ကို သက်ရောက်မှုရှိသလို မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၊ လူကုန်ကူးမှုစတဲ့ ရာဇဝတ်မှုတွေဖြစ်ပွားမှုနဲ့ လူ့ယဉ်ကျေးမှုစံနှုန်းတွေကို သက်ရောက်မှုရှိစေနိုင်တဲ့ မြန်မြန်ဆန်ဆန်စီမံချက်ချဖြေရှင်းပေးဖို့ လိုအပ်နေတာကို လေ့လာတွေ့ရှိရပါတယ်။

အဆိုကို ဒုတိယပိုင်းအနေနဲ့ ဆွေးနွေးလိုတာကတော့ နိုင်ငံတော်အစိုးရမှ စနစ်တကျစီမံချက်ချ အကောင်အထည်ဖော်ရေးပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ တိုင်းပြည်ရဲ့စီးပွားရေး ဦးမော့လာဖို့ဆိုလို့ရှိရင် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ အဓိကအသက်သွေးကြောပဲ ဖြစ်ပါတယ်။ Small and Medium Enterprises (SMEs) လုပ်ငန်းများဟာ နိုင်ငံ့ဖွံ့ဖြိုးရေးရဲ့ မောင်းနှင်အားဖြစ်ပါတယ်။ ပြောင်းလဲနေတဲ့ ဈေးကွက်လိုအပ်ချက်တွေကို လုပ်ငန်းကြီးတွေထက်ပိုပြီး အလွယ်တကူတုံ့ပြန်ပြောင်းလဲနိုင်ပြီး နိုင်ငံ့ရဲ့ဒေသအနှံ့အပြားမှာ တည်ရှိနေကြတဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေကို ကျေးလက်ဒေသအထိ ပေးနိုင်ပါတယ်။ လေ့လာကြည့်မယ်ဆိုရင် မြန်မာ့စီးပွားရေးအဆောက်အအုံမှာ SMEs ဟာ ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး လုပ်ငန်းပေါင်းနှစ်သိန်းကျော်ခန့်ရှိကြောင်း တွေ့ရပါတယ်။

ဒါကြောင့် SMEs လုပ်ငန်းများကို နိုင်ငံတော်အနေနဲ့ ဖြည့်ဆည်းပေးရမည့်အချက်တွေကတော့ (၁)နည်းပညာ၊ (၂)ငွေကြေး၊ (၃)အခြေခံအဆောက်အအုံများပဲ ဖြစ်ပါတယ်။ ဒီအချက်များကို ဖြည့်ဆည်းပါက နိုင်ငံ့ကုန်ထုတ်လုပ်ငန်းတိုးတက်လာပြီး စီးပွားရေးကောင်းလာကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ကောင်းလာမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ SMEs လုပ်ငန်းကို ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားနှင့်ဝန်ဆောင်မှုလုပ်ငန်းအမျိုးအစားဆိုပြီး နှစ်မျိုးတွေ့ရပါတယ်။ ထုတ်လုပ်မှုလုပ်ငန်းမှာ လုပ်သားအရေအတွက် ၁၀ ဦးမှ ၇၀ ဦးအထိရှိပြီး အရင်းအနှီး ကျပ်သန်း ၅၀၀ အောက်လုပ်ငန်းမျိုးဖြစ်ပါတယ်။ ဝန်ဆောင်မှုလုပ်ငန်းမှာ လုပ်သား ၁၀ ဦးမှ ၅၀ ဦးထိရှိပြီး အရင်းအနှီး ကျပ်သန်း ၂၀၀ အောက်ဖြစ်ပါတယ်။ SMEs လုပ်ငန်းများကို မြှင့်တင်တဲ့နေရာမှာ စင်္ကာပူနိုင်ငံကို ဥပမာပြလိုပါတယ်။ စင်္ကာပူအစိုးရဦးစီးတဲ့ SMEs အဖွဲ့ကို ဝန်ထမ်းကောင်းများဖြင့် ဖွဲ့စည်းထားပြီးတော့ နိုင်ငံအတွင်းမှာရှိတဲ့ လူ ၁၀ ဦးအောက် ကုမ္ပဏီများကိုသာ ဦးစားပေးပြီး လေ့လာပါတယ်။ အထူးသဖြင့် အသက် ၂၆ နှစ်အောက် အရင်းအနှီးမရှိတဲ့လူငယ်များရဲ့လုပ်ငန်းများ၊ အသက်ကြီးသူများကို ခန့်ပေးနိုင်တဲ့လုပ်ငန်းများ၊ ကမ္ဘာ့ဈေးကွက်ကို ပေါက်နိုင်တဲ့ တီထွင်တွေ့ရှိထားသူများကို စီးပွားရေးစီမံကိန်း Business Plan တင်ခိုင်းပါတယ်။ ၎င်းအဖွဲ့က ဖြစ်နိုင်/မဖြစ်နိုင် စိစစ်ပြီး ရွေးချယ်ပါတယ်။ ထောက်ပံ့ငွေဒေါ်လာ ၆၀၀၀၀ မှ ၅၀၀၀၀၀ အထိ Grant ပေးပါတယ်။ ရွေးချယ်ပြီး ချက်ချင်းချမပေးထားပါဘူး။ ရွေးချယ်ခန့်ထားရတဲ့အဖွဲ့များကို သုံးလ၊ ခြောက်လ အဆက်မပြတ်လေ့လာစစ်ဆေးပြီးမှ အရစ်ကျထုတ်ချေးပေးပါတယ်။ ငွေဘယ်လောက်ရင်းနှီးတာကို လုံးဝမကြည့်ပါဘူး။ လူဘယ်နှစ်ယောက် ခန့်ထားနိုင်တယ်ဆိုတာကိုသာ ကြည့်တဲ့အတွက် အလုပ်အကိုင်အခွင့်အလမ်းအများကြီးရရှိနိုင်တဲ့ လုပ်ငန်းမျိုးဖြစ်ပါတယ်။ နောက် SMEs လုပ်ငန်းများကို မြေတောင်မြှောက်ပေးရာမှာ သတိထားရမည့် အချက်တွေကတော့ SMEs လုပ်ငန်းများရဲ့လိုအပ်ချက်အရ ပြည်ပမှပစ္စည်းများတင်သွင်းထုတ်လုပ်ရာမှာ အခွန်အဆမတန် မကောက်ခံရန်နှင့် အဂတိတရားကင်းစင်ရန်ဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနတွေမှာ လုပ်ငန်းမှတ်ပုံတင်တဲ့အခါမှာလည်း အဆင်ပြေချောမွေ့စေရန်အတွက် ကြိုးနီစနစ်များကို ဖြေလျှော့ပေးဖို့လိုပါတယ်။ လုပ်ငန်းများကောင်းမွန်လည်ပတ်နိုင်ခြင်းမရှိခင် အခွန်လွတ်ငြိမ်းခွင့် နှစ်နှစ်ခန့်လည်း ပံ့ပိုးပေးဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

နောက် SMEs လုပ်ငန်းများကို ဖြည့်ဆည်းပေးတဲ့နေရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ၊ နည်းဥပဒေများကိုလည်း ခိုင်ခိုင်မာမာ၊ မျှမျှတတ ရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်သင့်ပါတယ်။ သို့ဖြစ်ပါ၍ အလုပ်လက်မဲ့ပြဿနာကို လျှော့ကျအောင် တဖြည်းဖြည်းဆောင်ရွက်တဲ့နေရာမှာ စနစ်

တကျ စီမံချက်ချအကောင်အထည် ဖော်ဆောင်ခြင်းလုပ်ငန်းများထဲမှ တစ်ခုဖြစ်တဲ့ SMEs လုပ်ငန်း အကြောင်းကို တင်ပြရင်း လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်များနှင့် အစီအစဉ် ၁၂ ကို ၁၄-၆-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့) မှာဆက်လက်ဆောင်ရွက်ပါ မယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**အချိန်၊၁၂း၀၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့
# (၁၃.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးပုဲ့ဒူ
(ဖရူဆို မဲဆန္ဒနယ်)



ဦးကံမြင့်
(သရက် မဲဆန္ဒနယ်)



ဦးဖြိုးဇေယျာသော်
(ဇမ္ဗူသီရိ မဲဆန္ဒနယ်)



ဒေါ်အေးမြမြမျိုး
(ကျောက်တန်း မဲဆန္ဒနယ်)



ဒေါ်ဇင်မာအောင်
(ရန်ကင်း မဲဆန္ဒနယ်)



ဦးဘိုကြီး
(ချောက် မဲဆန္ဒနယ်)



ဦးစောဗယ်လင်တိုင်း (အဖွဲ့ဝင်)
ပြည်ထောင်စုရာထူးဝန်အဖွဲ့



ဒေါ်ခင်စောဦး (ဒုဥက္ကဋ္ဌ)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ဦးစိုးမင်း (ဒုဥက္ကဋ္ဌ)
မြန်မာနိုင်ငံတော်ဗဟိုဘဏ်



ဒေါက်တာဝင်းမြတ်အေး (ဝန်ကြီး)
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန



ဦးမောင်မောင်ဝင်း (ဒုဝန်ကြီး)
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်